Gender in Emergencies Group



Women's Fund Asia

URGENT ACTION FUND FOR WOMEN'S HUMAN RIGHTS ASIA & PACIFIC

# အရေးပေါ်ဂျဲန်ဒါလေ့လာဆန်းစစ်ချက်
## မြန်မာ့ငလျင်

၂ ရက်၊ ဧပြီလ ၂၀၂၅ ခုနှစ်

။

**အရေးပေါ်ဂျဲန်ဒါလေ့လာဆန်းစစ်ချက်**

**မြန်မာ့ငလျင်**

ဧပြီ ၂ ရက် ၂၀၂၅

**ရေးသားပြုစုသူ**

Gender in Emergencies Group
www.giegroup.org

Urgent Action Fund for Women's Human Rights Asia & Pacific
www.uafanp.org

Women's Fund Asia
www.womensfundasia.org

**ကျေးဇူးတင်လွှာ**

ဤလေ့လာဆန်းစစ်မှု အကျဉ်းသည် ပညာရှင်များ စုပေါင်းကြိုးစားအားထုတ်ထားခြင်းဖြစ်သည်။ ဤလေ့လာဆန်းစစ်မှုသည် Isadora Quay, Siobhán Foran, Global Resilience Fund, Beatriz Gonzalez Machón, Maria Melinda, Meave Murphy, Shivani Patel, Vinita Sahasranaman, Ines Smyth, Galit Wolfensohn, တို့အပြင် မြန်မာနိုင်ငံမှ ပညာရှင်များနှင့် အမည်မဖော်လိုသော ပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှု ဖြစ်ပါသည်။

ဤ လေ့လာဆန်းစစ်မှုအစီရင်ခံစာကို Gender in Emergencies Group, a feminist social enterprise and non-profit dedicated to advancing gender equality in humanitarian action,
The Urgent Action Fund for Women's Human Rights Asia & Pacific အဖွဲ့အစည်း အနေနှင့် အာရှနှင့်ပစိဖိတ်ဒေသအတွင်းရှိ အမျိုးသမီးများနှင့် ယောကျာ်း မိန်းမဟူသောဂျဲန်ဒါသတ်မှတ်ချက်နှစ်မျိုးအောက်တွင် ရှိမနေသည့်သူများ၏အခွင့်အရေးဆိုင်ရာ တက်ကြွလှုပ်ရှားသူများ၏ ကြံ့ကြံ့ခံ နိုင်မှုနှင့် ခံ

နိုင်စွမ်းအားအတွက် ၎င်းတို့၏လုပ်ဆောင်ချက်များအား ရေရှည်ဆက်လက် လုပ်ဆောင် နိုင်စေရန်  ဘေးကင်းလုံခြုံသောပတ်ဝန်းကျင်များကို  ဖန်တီးပေးထားနိုင်ရန် ပံ့ပိုးပေးသည်။  ဖမေးနစ်(စ်)များ၏ တန်ဘိုးထားမှု လမ်းညွှန်ချက်များအရ လူတစ်ဦးချင်း၊ အဖွဲ့အစည်းများနှင့် ၎င်းတို့၏ လူမှု အသိုင်းအဝန်းများအား ဘေးကင်းလုံခြုံရေးနှင့် သုခချမ်းသာရရှိနိုင်ရန်အတွက် အရေးပေါ်ရန်ပုံငွေများနှင့် နည်းဗျူဟာကျသော အကူအညီများအား ပံ့ပိုးပေးသည်။

Women's Fund Asia သည် ဖမေးနစ်(စ်) အလျူရှင် အဖွဲ့အစည်းဖြစ်သည့်အလျောက် အမျိုးသမီးများ၏လူ့အခွင့်အရေး များပိုမိုနားလည်သဘောပေါက်စေရန်အတွက် အကူအညီများပေးပါသည်။

**<u>အတိုကောက် စာလုံးများ</u>**

| | | |
|---|---|---|
| CRSV | Conflict-related sexual violence | ပဋိပက္ခနှင့်ဆက်စပ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု |
| CSO | Civil society organisations | အရပ်ဖက်လူမှုအဖွဲ့အစည်းများ |
| GBV | Gender-based violence | ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှု |
| HNRP | Humanitarian Needs and Response Plan HLP Housing, land and property | လူသားချင်းစာနာထောက်ပံ့မှုလိုအပ်ချက်များနှင့် မြေယာ၊ အိမ်အဆောက်အအုံများဆိုင်ရာ အကူအညီပေးရေးအစီစဉ် |
| ID | Identity documentation | မည်သူမည်ဝါဖြစ်ကြောင်းသက်သေ အထောက်အထား စာရွက်/ကတ် |
| IDPs | Internally displaced person | စစ်ဘေးရှောင်သူများ |
| IPV | Intimate partner violence | ရင်းနှီးသူများမှကျူးလွန်သောအကြမ်းဖက်မှု |

| | | |
|---|---|---|
| LGBTIQ+ | Lesbian, Gay, Bisexual, Transgender, Intersex, Queer/ questioning and other sexually or gender diverse people | အမျိုးသမီးအချင်း ချင်းစုံမက်သူ၊ အမျိုးသား အချင်ချင်းစုံမက်သူ၊ အမျိုးသား အမျိုးသမီး နှစ်မျိုးလုံးစုံမက်သူ၊ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲပြုပြင်နေထိုင်သူ၊ မွေးရာပါ လိင် အင်္ဂါ နှစ်မျိုးစလုံး ပါသူ။ အခြားသော လိင် သို့မဟုတ် ဂျဲန်ဒါ ကွဲပြားခံယူသူများ |
| MHPSS | Mental health and psychosocial support services | စိတ်ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးပေး သော လုပ်ဆောင်ချက်များ |
| MNSA | Multi-Sectoral Needs Analysis | ကဏ္ဍပေါင်းစုံမှ လိုအပ်ချက်များဆန်းစစ်ချက် |
| NFI | Non-food items | စားသောက်ကုန်မဟုတ်သော အခြားပစ္စည်းများ |
| PiN | People in need | အကူအညီလိုအပ်နေသော ပြည်သူများ |
| RGA | Rapid Gender Analysis | အရေးပေါ်ဂျဲန်ဒါလေ့လာဆန်းစစ်မှု |
| SRH | Sexual and Reproductive Health | လိင်နှင့် မျိုးဆက်ပွားကျန်းမာရေး |
| SRHR | Sexual and Reproductive Health & Rights | လိင်နှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အခွင့်အရေး |
| WASH | Water, Sanitation & Hygiene | ရေ မိလ္လာ ရေဆိုးနုတ်စနစ် တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး |

## နိဒါန်း

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ပြင်းအား ၇.၇ မဂ္ဂနီကျူ့ ရှိသောငလျင်လှုပ်ခဲ့ပါသည်။ လက်ရှိဆန်းစစ်လွှာရေးသားပြုစုနေချိန်တွင် သေဆုံးသူ ၁၇၀၀ ခန့်ရှိပြီး အရေအတွက်အားဖြင့်ဆက်လက်မြင့်တက်နိုင်ပြီး ထိုထဲတွင် အမျိုးသမီး၊ မိန်းကလေးငယ်များနှင့် မသန်စွမ်းသူများ ပါဝင်နိုင်ပါသည်။ ငလျင်သည် စစ်ကိုင်းကို ဗဟိုပြု၍ လှုပ်ခတ်ခြင်းဖြစ်ပြီး မန္တလေး၊ မကွေး၊ ပဲခူး၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်တစ်လျှောက် တွင် ငလျင်ဒဏ်ကို ခံစားရပြီး အိမ်နီးခြင်းနိုင်ငံဖြစ်သော ထိုင်းနိုင်ငံ တွင်လဲ သက်ရောက်မှုများရှိခဲ့ပါသည်။ ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများစွာဖြစ်ပေါ်နိုင်ပြီး  ငလျင်ဒဏ် ကိုအဓိကခံရသော ဒေသများတွင် လွန်ခဲ့သောကာလများအတွင်း စစ်ဒဏ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေရသော ဒေသများနှင့် လက်ရှိတိုက်ပွဲများ ဖြစ်ပေါ်နေသော ဒေသများလဲ ပါဝင်သည်။ ပိုမိုဆိုးဝါးလာသော အကြပ်အတည်းအခြေအနေများ၏သက်ရောက်မှု သည် လူတိုင်းအပေါ် တူညီမှုမရှိပါ၊ မူလရှိရင်းစွဲဖြစ်သော ထိခိုက်ခံစားရမှုများသည် လူသားချင်းစာနာထောက်ထားမှု အရင်းအမြစ်များနှင့် ဝန်ဆောင်မှု များအား လက်လှမ်းမီနိုင်မှုအားပိုမိုဆိုးဝါးစေပြီး အထူးသဖြင့် အမျိုးသမီးများ၊ မိန်းကလေးငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ၊ မိန်းကလေးချင်း ချစ်ခင်စုံမက်သူ၊ အမျိုးသားအချင်းချင်းချစ်ခင်စုံမက်သူ၊  အမျိုးသမီး အမျိုးသား နှစ်မျိုးစလုံးချစ်ခင်စုံမက်သူ၊ ဆန့်ကျင်ဘက်လိင်ကဲ့သို့ပြုပြင်ပြောင်းလဲနေထိုင်သူ၊ မွေးရာပါ လိင်အင်္ဂါနှစ်မျိုးစလုံးပါသူ ၊ ဂျန်ဒါအမျိုးမျိုးကွဲပြားနေသူ၊ မသန်စွမ်းသူများ၊ အသက်အရွက်ကြီးသူများနှင့် ကလေး ရှိသော အမျိုးသမီးများ တို့အနေနှင့် ထိုဖြစ်ရပ်ကြီးအားပြန်လည်တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် စိန်ခေါ်မှုများကို မမျှတစွာ ကြုံတွေ့ရသည်လက်ရှိဖြစ်နေသောပြည်တွင်းစစ် အတွင်းတွင် စစ်တပ်မှဖွဲ့စည်းထားသော ပြည်သူ့စစ်များနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကြား နယ်မြေပိုင်ဆိုင်မှု အားပြိုင်မှုများ ဖြစ်ပေါ်နေပြီး ထိုအခြေအနေသည်  ထိခိုက်မှုအများဆုံးခံရသောဒေသများမှ သူများအနေဖြင့် အပြည်အပြည် ဆိုင်ရာ အကူအညီများ လက်လှမ်းမီရန်အတွက် နှောင့်နှေးမှုများဖြစ်ပေါ်စေသည်။  အဓိကလမ်းများပျက်စီးခြင်း အင်တာနက်နှင့်ဆက်သွယ်ရေးနည်းလမ်း များ ပြတ်တောက်ခြင်း၊ စစ်ဆေးရေးဂိတ်များ ရှိနေခြင်းတို့ကြောင့်  ထိခိုက်မှုရှိသော ဒေသများကိုလက်လှမ်းမီရန် ခက်ခဲခြင်း တို့ကို ဖြစ်ပေါ်စေသည်။  ထို့ပြင်လက်ရှိ ဖြစ်ပွား နေသောပဋိပက္ခများနှင့်ဆက်စပ်နေသည့် ဘေးကင်း လုံခြုံမှုမရှိခြင်းကထိခိုက်ခံစားရသောသူများနှင့် ဖယ်ကြဉ် ထားခြင်း ခံရသောသူများ အားလူသားချင်းစာနာ ထောက် ထားမှု အခြေအနေများကို ပိုမို ဆိုးဝါးစေပါသည်။

## အသုံးပြုသောနည်းလမ်း

ဤအရေးပေါ်ဆန်းစစ်လေ့လာမှု အကျဉ်းသည် လူသားချင်းစာနာထောက်ပံ့ခြင်းများ တုံ့ပြန်ဆောင်ရွက်ရာတွင် ဂျန်ဒါဆန်းစစ်လေ့လာမှုသတင်းအချက်အလက်များပံ့ပိုးပေးရန် ရည်ရွယ်ပါသည်။ ဤအရေးပေါ် ဆန်းစစ် လေ့လာ မှုအကျဉ်းသည် Gender in Crisis: Infographic (28th March 2025) နှင့် Plan International မှပြုလုပ်ထားသည် ဂျန်ဒါအကျဉ်းတို့ပေါ် အခြေခံထားသည်။ ဤအရေးပေါ် ဂျန်ဒါလေ့လာဆန်းစစ်ချက်သည် အရည်အသွေး ပြနည်း လမ်းနှင့် အရေအတွက်ပြနည်းလမ်းတို့ကို ရောနှောအသုံးပြုထားပါသည်။ အရည်အတွက်ပြနည်းလမ်းတွင် အခြားသောကဏ္ဍများရှိကျွမ်းကျင်သူများမှကောက်ယူထားသောအချက်အလက်များကို အသုံးပြုထားပါသည်။ ဤအရေးပေါ်လေ့လာဆန်းစစ်ချက်များရှိ တွေ့ရှိသုံးသပ်ချက်များနှင့် အကြံပြုချက်များသည် Feminist Funds including the Global Resilience Fund, Urgent Action for Women’s Human Rights Asia & Pacific, and Women’s Fund Asia တို့မှ မျှဝေခြင်းဖြစ်ပါသည်။ ဤအရေးပေါ်ဂျန်ဒါဆန်းစစ်လေ့လာချက်သည် ၂၀၂၅ ခု မတ်လ ၂၈ ရက်မှ ၃၁ ရက်နေ့အထိ ၄ ရက်တာ သုံးသပ် အစီရင်ခံခြင်းဖြစ်သည်။ ဤဆန်းစစ်ချက်များကို မြန်မာနိုင်ငံမှဂျန်ဒါကျွမ်းကျင်သူများက ပြန်လည်ဆန်းစစ် သုံးသပ်ထားပါသည်။ မြန်မာပြည်၏ အခြေအနေသည် ထိလွယ်ရှလွယ်အခြေအနေတွင်ရှိနေပြီး သတင်းအချက်အလက်များကိုအတည်ပြုရန် ခက်ခဲခြင်း၊ လက်လှမ်း မီနိုင် ရန်အတွက် ပြဿနာများရှိနေခြင်း စသည့်အချက်များကြောင့် ဤအရေးပေါ်ဂျန်ဒါဆန်းစစ်ချက် အကျဉ်းတွင် အကန့်အသတ်များစွာရှိသည်။

ထို့ပြင် ဤအရေးပေါ်ဂျန်ဒါဆန်းစစ်ချက်တွင် ကဏ္ဍအားလုံးပါဝင်ခြင်းမရှိဘဲ အချို့သော ကဏ္ဍများကိုသာ အဓိကထားနိုင်သည်။ ဤဆန်းစစ်ချက်တွင် ကလေးသူငယ်များဘေးကင်းလုံခြုံရေး၊အစားအစာဖူလုံရေး၊ အသက်မွေးဝမ်းကြောင်းမှုတို့နှင့်ပတ်သက် သည့် သတင်းအချက်အလက်များ မပါဝင်နိုင်ပါ။ ထိုကဏ္ဍများအတွက် သုတေသနများထပ်မံ လုပ်ဆောင် ရန်လိုပါသည်။ မြေပြင်မှ ရရှိသောသတင်းအချက်အလက်များ ပါရှိသော်လည်း ငလျင်၏ သက်ရောက်မှုကို ပိုမိုပြည့်စုံသောအချက်အလက်များ ရရှိရန် လိုအပ်ပါသည်။

## မြန်မာ့လူဦးရေနောက်ခံအချက်အလက်များဆန်းစစ်လေ့လာခြင်း

၂၀၁၄ ခုနှစ်အတွင်း ကောက်ခံခဲ့သော လူဦးရေစာရင်းအရ မြန်မာ့လူဦးရေမှာ ၅၀,၂၇၉,၉၀၀သန်း[1] ရှိပြီး ငလျင်ဒဏ်ခံစားရသော မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ရှမ်းနှင့် နေပြည်တော်ဒေသအတွင်း နေထိုင်သူ စုစုပေါင်းလူဦးရေမှာ ၂၁.၉ သန်းခန့် ရှိပါသည်။

မြန်မာ့ လူဦးရေကို ဆန်းစစ်ရာတွင် အမျိုးသမီးဦးရေ အရေအတွက်မှာ အမျိုးသားများထက် သိသိသာသာ ပိုများနေပါသည်။

- လက်ရှိလူဦးရေ၏ ၂၅ ရာခိုင်နှုန်းခန့်မှာ နိုင်ငံပြင်ပသို့ရွှေ့ပြောင်းနေထိုင်နေကြသည်[2] ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းကြသော လူဦးရေမှာ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ် နှင့် တနင်္သာရီတိုင်း တို့မှ အများဆုံးဖြစ်သည်။ လူငယ်အမျိုးသားများသည် အမျိုးသမီးများထက် မလေးရှား နိုင်ငံနှင့် တခြားနိုင်ငံများသို့ ပိုမိုရွှေ့ပြောင်းနေထိုင်ကြသည် [3]။ ထို့ကြောင့်ပင် လက်ရှိလူဦးရေမှာ အမျိုး သမီး ဦးရေ ပိုမိုများပြားနေခြင်း ဖြစ်နိုင်ပါသည်။ (ဇယား ၁ ကို ကြည့်ပါ)
- အိမ်ထောင်စုတစ်စုတွင် ယေဘူယျအားဖြင့် ၄.၄ ဦး ဖြစ်ပါသည်[4] ။
- အိမ်ထောင်စု ၅ စုတွင် ၁ စုမှာ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုဖြစ်ပြီး အများအားဖြင့် မုဆိုးမ သို့မဟုတ် အိမ်ထောင်စုရှိ အမျိုးသားများထက် အသက်ကြီးသော အမျိုးသမီးများ ဖြစ်ကြသည်[5]။

---

1 MIMU Myanmar Information Management Unit, Myanmar Census, 2014

2 UNDP Asia and the Pacific, 19 September, 2024, Migration in Myanmar: Moving to Cope

3 See, for example, the Mekong Migration Network

4 Government of Myanmar, UNFPA, 31 December 2016, The 2014 Myanmar Population and Housing Census - Thematic Report on Population Dynamics - Census Report Volume 4-E

5 Report. Name withheld. March 2025.

- ခြုံငုံသုံးသပ်ရလျှင် ခြားနားသန်စွမ်းသောလူဦးရေ၏ ၆၀ ရာခိုင်နှုန်းသည်  အမျိုးသမီးများနှင့် မိန်းကလေး ငယ်များဖြစ်ပြီး ၎င်းတို့သည် အနည်းဆုံးမသန်စွမ်းမှုတစ်မျိုးမျိုးဖြစ်နေကြရသည်။ ခြားနားသန်စွမ်းသော လူဦးရေအများစုမှာ ကျေးလက် ဒေသများတွင် အများဆုံးနေထိုင်ကြသည်။ ယခု မန္တလေးတွင် လှုပ်ခတ် ခဲ့သော ငလျင်သည် ခြားနားသန်စွမ်းသောပြည်သူများကို ပိုမိုကြီးမားသောအန္တရာယ်သို့ တွန်းပို့သကဲ့သို့ ဖြစ်သွားစေသည် [67]။

လူဦးရေ သုံးပုံတစ်ပုံမှာ ငလျင်ဒဏ်မခံစားရမီအခြေအနေမှာပင် လူသားချင်းစာနာထောက်ပံ့မှုများ လိုအပ်နေသည့် အခြေအနေများတွင် ရှိနေခဲ့သည်[8]။ အစီရင်ခံစာများအရ ငလျင်ဒဏ်မခံစားရ မီ အခြေအနေတွင် လူသားချင်း စာနာထောက်ပံ့မှု လိုအပ်ချက်သည် ပျှမ်းမျှအိမ်ထောင်စုလိုအပ်ချက်၏ ၅၄ ရာခိုင်နှုန်းရှိသည် [9] ယခင်နှစ်များ အတွင်း စစ်ဘေးရှောင်ပြည်သူဦးရေမှာ ၇၂[10] ရာခိုင်နှုန်းထိ မြင့်တက်ခဲ့ပြီး အမျိုးသမီး ၅၁ ရာခိုင်နှုန်းနှင့် ကလေး သူငယ် ၄၉ ရာခိုင်နှုန်း[11] ဖြစ်သည်။ စစ်ဘေးရှောင်လူဦးရေ၏ ၁၅ ရာခိုင်နှုန်းသာလျှင် စစ်ဘေးရှောင် စခန်းများ အတွင်း တိုးကျပ်စွာနေထိုင်ရာပြီး ကျန်ရှိသော စစ်ဘေးရှောင်များ အများစုမှာ ဖြစ်သလိုပြုလုပ်ထားသော ယာယီ နားခိုရာများတွင် ကျန်းမာရေး၊ သန့်ရှင်းသောရေ၊ အစားအသောက်နှင့် လုံခြုံမှုအားနည်းသော နေရာများတွင် ခက်ခဲစွာနေထိုင်နေရ

---

[6] HelpAge International, 2018, Disability and ageing in Myanmar

[7] Correspondence. Special Olympics. IFRC. 1 April 2025

[8] UNICEF, 28 February 2015, UNICEF Myanmar Humanitarian Situation Report No. 1 - 01 January - 28 February 2025

[9] Cash & Markets Working Group, November 2024, Myanmar Minimum Expenditure Basket November 2024 Update

[10] OCHA, 13 December 2024, Humanitarian Needs and Response Plan 2025

[11] UNHCR Regional Bureau for Asia and the Pacific, October 2024, Myanmar Emergency Update as of end October 2024

သည်[12] ။ စစ်ကိုင်းတိုင်း တစ်ခုအတွင်းမှာပင် စစ်ဘေးရှောင်ပြည်သူဦးရေ ၁.၃ သန်းအထိ ရှိနေပြီး ယင်း အရေအတွက်မှာ တစ်နိုင်ငံလုံးရှိ စစ်ဘေးရှောင်ပြည်သူအရေအတွက်၏ သုံးပုံတစ်ပုံခန့် ဖြစ်နေ သည်[13] ။

၂၀၂၄ ဒီဇင်ဘာ ၆ ရက်နေ့အထိ အချက်အလက်များအရ နှစ်စဉ် လူသားချင်း စာနာထောက်ပံ့မှု လိုအပ်ချက်များနှင့် မြေယာ၊ အိမ်အဆောက်အအုံများဆိုင်ရာ အကူအညီပေးရေး အစီစဉ် တွင် ၃၄ ရာခိုင်နှုန်း ပါဝင်နေပြီး ဖြစ်သည်။ ငလျင်ဒဏ်ခံရပြီးနောက် မန္တလေးနှင့် တနိုင်ငံလုံး အတိုင်းအတာအရ လက်ရှိလူသားချင်းစာနာ ထောက်ထားမှု အကူအညီများ ရရှိနေပြီဖြစ်သည်[14]။ ထိုသို့ထုတ်ပြန်ထားသော ငလျင်အခြေအနေ အချက်အလက်များအတွင်း ကျား၊မ အခြေပြု အသေးစိတ် ပြုလုပ်ထားသော အချက်အလက်များ အားနည်းနေသည်ကို တွေ့ရှိရသည်။ ၂၀၀၈ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော နာဂစ်ဆိုင် ကလုန်းဒဏ်သင့်ပြည်သူများအပေါ် ရေရှည်အကျိုးသက်ရောက်မှုများနှင့် သက်ဆိုင်သောအစီရင်ခံစာ များ အ ပေါ်သုံး သ ပ်မှု များ အ ရ ယ ခု င လျ င်ဒ ဏ် ၏ အ ကျိုး သ က်ရော က်မှု နှ င့် သ က်ဆို င် သော အချက်အလက်များအတွင်း ကျား၊မ၊ အသက် စသဖြင့် အချက်အလက်များ သီးခြားဖော်ပြခြင်းသည် အရေးကြီးကြောင်း မီးမောင်းထိုးပြနေပါသည် [15] ၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သော လူဦးရေစာရင်းတွင် အချက် အလက် များကို ကျား၊ မ သီးခြားဖော်ပြခဲ့ပါသည်ကိုတွေ့ရပါသည်[16]။

ဇယား ၁၊ ပြည်နယ်နှင့် တိုင်းအလိုက် အချက်အလက်များ I cannot add Earthquake map here

---

[12] OCHA, 13 December 2024, Humanitarian Needs and Response Plan 2025

[13] MMR Earthquake Situational Analysis. Anonymous. March 2025.

[14] ACAPS, 29 March 2025, Myanmar earthquake: Mandalay pre-crisis profile

[15] UNDRR, 2008, Cyclone Nargis 2008: rehabilitation in Myanmar

[16] MIMU Myanmar Information Management Unit, Myanmar Census, 2014

| ပြည်နယ်/တိုင်းဒေသကြီး | လူဦးရေ | အမျိုးသမီးရာခိုင်နှုန်း | အမျိုးသားရာခိုင်နှုန်း | | | |
|---|---|---|---|---|---|---|
| စစ်ကိုင်း | ၅,၃၂၅,၃၄၇ | ၅၂.၇ | | | | |
| မကွေး | ၃,၉၁၇,၀၅၅ | ၅၃.၇ | | | | |
| ပဲခူး | ၄,၈၆၇,၃၇၃ | ၅၂.၃ | | | | |
| ရှမ်း | ၅,၈၂၄,၄၃၂ | ၅၀.၀ | ၅၀.၀ | ၄.၇ | ၇၆ | ၂.၁ သန်း |
| မန္တလေး | ၆,၁၆၅,၇၂၃ | ၅၂.၅ | ၄၇.၅ | ၄.၄ | ၆၅ | ၂.၁ သန်း |
| နေပြည်တော် | ၁,၁၆၀,၂၄၂ | ၅၁.၃ | ၄၈.၇ | ၄.၁ | ၆၈ | ၀.၃၁သန်း |

မြန်မာနိုင်ငံသည် မတူကွဲပြားသောတိုင်းရင်းသားလူမျိုးများစွာနေထိုင်သော နိုင်ငံဖြစ်သည်။ အဓိက အားဖြင့် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးရှိပြီး ဘာသာစကားအမျိုးပေါင်း ၁၀၀ကျော်ခန့် သုံးစွဲပြောဆိုကြပါသည်။ အဓိက လူမျိုးကြီးများမှာ ကရင်၊ ရှမ်း၊ မွန်၊ ချင်း၊ ကချင်၊ ဗမာ၊ ရခိုင်နှင့် ကရင်နီ လူမျိုးတို့ဖြစ်ကြသည်။ တခြားသော လူနည်းစုတိုင်းရင်းသားများမှာလဲ နိုင်ငံ့လူဦးရေ၏ အနည်းဆုံး သုံးပုံတစ်ပုံခန့်ရှိပါသည်။ တိုင်းရင်းသားအများစုမှာ ထေရဝါဒဗုဒ္ဓ ဘာသာဝင်များ ဖြစ်ကြပြီး မွတ်ဆလင်၊ ဟိန္ဒူ၊ ခရစ်ယာန် နှင့် တခြား ဘာသာဝင်များလဲ အများအပြားရှိပါသည်။ ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံမှုများ လုပ်ဆောင်ရာတွင် ဒေသအလိုက် အသုံးပြုများသော ဘာသာစကား၊ ကိုးကွယ် ယုံကြည်မှု နှင့် မတူညီသောဒေသန္တာရ ယဉ်ကျေးမှုများ နှင့် လိုက်လျောညီထွေဖြစ်စေရန် ကြိုးပမ်း အားထုတ်ဖို့ အရေးကြီးပါသည်။

အမျိုးသား၊ အမျိုးသမီးများတို့၏ အခန်းကဏ္ဍများနှင့်ဆက်နွယ်မှုများသည် တိုင်းရင်းသားလူမျိုးစုအလိုက် ဒေသအလိုက် ကွဲပြားခြားနားသည်။ မြန်မာ့ယဉ်ကျေးမှုတွင် အမျိုးသားကြီးစိုးသောဝါဒလွှမ်းမိုးပြီး အမျိုးသားများတွင် သာလွန်မြင့်မြတ်သော‘ဘုန်း’ ရှိသည်ဟူသည့် ယုံကြည်ချက်မှာ အမြစ်တွယ်

နေသည်။[17] ထိုသို့ ယုံကြည် ချက်များအရ အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ အိမ်မှုကိစ္စများဖြင့်သာ တွဲ၍မြင်လေ့ရှိကြသဖြင့် အမျိုးသမီးများအနေဖြင့် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် တခြားစီးပွားရေး ဆိုင်ရာ  အခွင့်အလမ်းများအား လက်လှမ်းမီနိုင်မှုအကန့်အသတ်နှင့် ဖြစ်စေသည်၊။ အမျိုးသမီးများအနေဖြင့် တရားဝင်နှင့်တရားဝင်မဟုတ်သည့် နေရာများတွင် ခေါင်းဆောင်မှုနှင့် ကိုယ်စားပြုမှုတို့အကန့်အသတ်နှင့်ရှိနေသည်။ ထိုသို့သောအခြေအနေကို နိုင်ငံတော်အဆင့်သာမက ကျေးလက်ဒေသအဆင့်တွင်ပါ တွေ့မြင်နိုင်ပြီး အမျိုးသမီးများအား ပံ့ပိုးပေးသူများအဖြစ်သာ အသိအမှတ်ပြုသည်။  ။ [18] အမွေဆက်ခံခြင်းနှင့်မြေယာအဆောက်အအုံနှင့်ဆိုင်သော အခွင့်အရေးများကို အမျိုးသားများကို သာ မျက်နှာသာပေးထားသဖြင့် အမျိုးသမီးများအနေနှင့် အမှီအခိုကင်းစွာ ငွေကြေးစီမံခွင့် မရှိဖြစ်နေခြင်းသည် ဂျဲန်ဒါခွဲခြားဆက်ဆံရခြင်းကိုဖြစ်ပေါ်စေပြီး ထိုသို့ ခွဲခြားဆက်ဆံခြင်းကို အထူးသဖြင့်ကျေးလက်ဒေသများနှင့် ပဋိပက္ခဖြစ်နေသော ဒေသများတွင် ပိုမိုတွေ့ရှိရသည်။ ခြားနားစွာသန်စွမ်းသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ဂျဲန်ဒါအခြေပြုခွဲခြားဆက်ဆံခံရမှုကို ပိုမိုခံစားရပြီး စစ်ဘေးရှောင်စခန်းများတွင် ထိုက်သင့်သော အခြေခံ ဝန်ဆောင်မှုများ ရရှိရန်ကိုပင် ရုန်းကန် အားထုတ်နေရသည်။ [19]

သုတေသနစာတမ်းများ၏ဖော်ပြချက်များအရ ဘေးအန္တရာယ်ကြုံတွေ့ရသော အချိန်တွင် အမျိုးသမီးများသေဆုံးနှုန်း သည် အမျိုးသားများသေဆုံးမှုနှုန်းထက် ပိုများသည်။ ဥပမာအားဖြင့် သုတေသနတစ်ခုအရ ဆူနာမီအတွင်းအမျိုးသမီး ၃ ယောက်သေဆုံးမှုနှုန်းတွင် အမျိုးသား တစ်ယောက်နှုန်း ဖြင့် သေဆုံးခဲ့သည်။ [20] အသက်သေဆုံးမှုနှုန်းကို ကျား၊မ ၊အသက်အရွယ် နှင့် နေရာအနေအထားအလိုက်

---

[17] OHCHR, 2 July 2024, A/HRC/56/CRP.8: Courage amid Crisis: Gendered impacts of the coup and the pursuit of gender equality in Myanmar, cited in MSNA 2025

[18] IDEA International, 18 March 2024, Women’s Political Participation and Empowerment in Post-Coup Myanmar

[19] A Working Group, March 2025, Gendered Insights from the Myanmar 2024 Multi-Sectoral Needs Assessment

[20] Tonnelier et al., 2024, Gender Differences in Years of Life Lost resulting from the 2015 Gorkha Earthquake in Nepal

ယေဘူယျသတ်မှတ်ဆုံးဖြတ်ရန် ခက်ခဲသော်လည်း၊ မြန်မာနိုင်ငံ၏ ရှိနှင့်ပြီးသော ခက်ခဲရှုပ်ထွေးနေသော အခြေအနေများအပေါ် အင်အားပြင်းလျင် ကဲ့သို့သဘာဝ ဘေးဒဏ်များ ထပ်ပေါင်းလိုက်သော အခြေအနေမျိုးတွင် ယခုကဲ့သို့ ကျား၊ မ ကွာခြားမှုများအရ ဖြစ်ပေါ်လေ့ရှိသော မတူညီသည့် သေဆုံးမှုနှုန်း အချက်အလက်များကို ထည့်သွင်းစဉ်းစား တွက်ချက်မှသာ ငလျင်ဒဏ်ခံစားရသော ပျက်စီးဆုံးရှုံးမှုများကို တွက်ချက်ရာတွင် ပိုမို တိကျမည် ဖြစ်ပါသည်။

အသက်မွေးဝမ်းကြောင်းကဏ္ဍတွင် မြန်မာနိုင်ငံအနှံ့ အမျိုးသမီး နှင့် အမျိုးသားကြား အလုပ်အကိုင်နှင့် လုပ်ခများ ကွာခြားချက်မှု အလွန်ကြီးမားခြင်းအပါအဝင် ရွှေ့ပြောင်းလုပ်ကိုင်ခြင်းနှင့်ဆက်စပ်သည့် အန္တရာယ်များလည်းပါဝင်ပါသည်။ ထိုသို့သောအခြေအနေများသည် ဆိုးဝါးသောအခြေအနေများတွင် ပိုမိုဆိုးဝါးနေမည်ဖြစ်သည်။

ငလျင်ဒဏ်ကြောင့် အများဆုံးထိခိုက်ရသည့် ရပ်ရွာများနှင့် အိမ်ထောင်စုရှိ များကို ပိုမိုဦးတည် စဉ်းစားပေးရန် လိုသကဲ့သို့ပင် ဆေးရုံများ၊ ကျောင်းအိပ်ကျောင်းစားများ၊ အကျဉ်းထောင်များ၊ ဘာသာရေးအဆောက်အအုံများ၊ ဘိုးဘွားရိပ်သာများ၊ သင်တန်းစင်တာများ၊ မိဘမဲ့ဂေဟာများတို့တွင် နေထိုင်နေသူများနှင့် အိမ်ခြေရာမဲ့သူ တို့သည် ထိခိုက်ခံစားလွယ်သူများဖြစ်ကြသဖြင့် ၎င်းတို့အား) ဦးစားပေး စဉ်းစားရန် လိုအပ်သည်။

ငလျင်ဒဏ်မခံစားရမီ အခြေအနေမှာပင် တချို့သောပြည်သူများမှာ မှတ်ပုံတင်အထောက်အထား မရှိခြင်းကြောင့် တချို့သော အခြေခံဝန်ဆောင်မှုများကို မရရှိနိုင်သော အခြေအနေများဖြစ်ပေါ်လျက်ရှိသည်။ ပြည်တွင်းစစ်ဘေးရှောင်လူဦးရေ၏ သုံးပုံတစ်ပုံမှာ မှတ်ပုံတင် အထောက်အထားမရှိဘဲ ဖြစ်နေပြီး မြန်မာနိုင်ငံတွင် မှတ်ပုံတင်အထောက်အထား မပြနိုင်ပါက လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်၊ ဝန်ဆောင်မှုများလက်လှမ်းမီမှု၊ မရွှေ့ပြောင်းနိုင်သော ပိုင်ဆိုင်မှုများ (မြေ၊ အိမ် စသည်) ပိုင်ဆိုင်ခွင့် စသည့် အခြေခံ

အခွင့်အရေးများ လက်လွတ် ဆုံးရှုံးနေရသည်။ [21] ရှိပြီးသော ဖော်ပြပါအခွင့်အရေးဆုံးရှုံးမှုများအပေါ် ငလျင်ဘေးဒဏ်သည် ပြဿနာများပိုမို ဖြစ်ပေါ်စေမှာ ဖြစ်ပါသည်။

**<u>တွေ့ရှိချက်များနှင့် ဆန်းစစ်မှု</u>**

## အမျိုးသမီးများပါဝင်မှုနှင့် ဦးဆောင်မှု

*"အရေးပေါ်အခြေအနေများတွင် အမျိုးသမီးများသည် များသောအားဖြင့် ကနဦး တုံ့ပြန်ဆောင်ရွက်သူများများ ဖြစ်ကြပြီး လူအများရောက်ရှိရန်ခက်ခဲသော နေရာဒေသများ သို့ လူ့အသက်ကယ်တင်နိုင်သော လူသားချင်းစာနာထောက်ထားမှုအကူအညီများရရှိစေရန်နှင့် ကြံ့ကြံ့ခံနိုင်စေရန် တို့အတွက် အရေးကြီးသည့် ကဏ္ဍများတွင် ပါဝင်နေကြသူများဖြစ်သည်။ ။" [22]*

လွန်ခဲ့သော ၅ နှစ်မှစ၍ အမျိုးသမီးများ၏ အများပိုင်နယ်ပယ်တွင် ဆုံးဖြတ်ချက်ချနိုင်မှုနှင့် ခေါင်းဆောင် မှုနေရာများတွင် တက်ကြွစွာပါဝင်လာမှုသည် တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် အထိုက်အလျောက် တိုးတက်ခဲ့သော်လည်း အမျိုးသမီးများအနေဖြင့် နိုင်ငံတော်အဆင့်နှင့် ကျေးလက်ဒေသအဆင့်များ တွင် တရားဝင်နှင့်တရားဝင်ပြင်ပ ခေါင်းဆောင်မှု အခန်းကဏ္ဍနှင့် ကိုယ်စားပြုမှုများသည် အကန့်အသတ် နှင့်ရှိနေဆဲ ဖြစ်ပြီး အမျိုးသမီးများအနေဖြင့် ပံ့ပိုးပေးနေသော အခန်းကဏ္ဍတွင်သာ ရှိနေသည်။ [23] ဂျဲန်ဒါမျက်နှာလိုက်မှုများ၏ အမြစ်တွယ်မှုများသည် အမျိုးသမီးများ၏အောင်မြင်မှုများအပေါ်သက်ရောက်မှုရှိပြီး ထိုမျက်နှာလိုက်မှုများ ကြောင့် စစ်ရှောင် စခန်းများ၊ ရပ်ရွာများ၊ မြို့နယ်များနှင့် တိုင်း/ပြည်နယ်အဆင့်များတွင် အမျိုးသမီးများ၏ ခေါင်းဆောင် မှုများသည် နည်းပါးနေပါသည်။

24

[21] OCHA, December 2023, Myanmar Humanitarian Needs and Response Plan 2024 (December 2023)

[22] UN Women, 13 December 2024, Myanmar 2025 Gender Humanitarian Strategy

[23] IDEA International, 18 March 2024, Women's Political Participation and Empowerment in Post-Coup Myanmar

[24] IDEA International, 18 March 2024, Women's Political Participation and Empowerment in Post-Coup Myanmar

အမျိုးသမီးများ၏ စစ်မှန်သောပါဝင်နိုင်မှုနှင့် ဆုံးဖြတ်ချက်ချနိုင်မှုအတွက် အတားအဆီးများသည် ဘက်ပေါင်းစုံမှ ကန့်သတ်နေပြီး ယခုကဲ့သို့ သဘာဝဘေးဒဏ်နှင့် ပဋိပက္ခဒဏ်ခံရသော အချိန်များတွင် ပိုမိုသိသာစွာ ကန့်သတ်ချက်များရှိနေသည်။ ထိုသို့ ကန့်သတ်ခံရမှု အတားအဆီးများသည် အမျိုးသမီးများ၏ ဆန္ဒနှင့် အမျိုးသမီးသီးသန့်လိုအပ်ချက်များကို မထုတ်ဖော်နိုင်ခြင်းများ ပိုမိုဖြစ်ပွားစေသည်။

ဥပမာအားဖြင့် ပဋိပက္ခများ စစ်ပွဲများ ဖြစ်ပွားနေသောအချိန်တွင် အမျိုးသမီးများအနေဖြင့် ကလေးနှင့် သက်ကြီးရွယ်အိုများကို စောင့်ရှောက်ရန် နှင့် စစ်ဘေးရှောင်စခန်းအတွင်း လုပ်ခမရသော အလုပ်များကို လုပ်ကိုင်စေလိုသော လူမှုမျှော်လင့်ချက်များရှိနေချိန်တွင် အမျိုးသားများကိုမူ ဆုံးဖြတ်ချက်ချရသော၊ ဦးဆောင်ရသော အလုပ်များလုပ်ရန် ဟူ၍ မျှော်လင့်ကြသည်။ [25]

အမျိုးသမီးများ ၏ခေါင်းဆောင်မှု၊လွှမ်းမိုးနိုင်မှုနှင့် ပါဝင်နိုင်မှုများအား တားဆီးထားသည့်အချက်များမှာ [26]

- ဂျန်ဒါလူမှုစံနှုန်းများနှင့်မျှော်လင့်ချက်များ
- အမျိုးသမီးများ၏ စိုးရိမ်ပူပန်မှုများအား ဦးစားမပေးခြင်း သို့မဟုတ် အာရုံစိုက်မှုအားနည်းခြင်း
- အမျိုးသမီးများအားခေါင်းဆောင်နိုင်သူများ အဖြစ် မယုံကြည်သောအမျိုးသားများ ၏အမြင်များရှိနေခြင်း
- အမျိုးသမီးများသည် ရပ်ရွာပတ်ဝန်းကျင်အတွင်း နှင့်အခြားသော နေရာများသို့ လွတ်လပ်စွာ ကူးလူးသွားလာလှုပ်ရှားမှုများအားကန့်သတ်ထားခြင်း
- အမျိုးသမီးများသည် သတင်းအချက်အလက်နှင့် အရင်းအမြစ်များလက်လှမ်းမီနိုင်မှုနည်းပါးခြင်း
- အမျိုးသမီးများသည် မိသားစုတာဝန်နှင့် လူကြီးမိဘများအား ပြုစုရန် တာဝန်များပိနေခြင်း

[25] Leap4Peace, 2024, Women's participation in peace processes in Myanmar

[26] Report. Name Withheld. 2022.

- အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာနှင့်ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရခြင်းမည့်အရေးနှင့် လုံခြုံရေး အခြေအနေ ကို စိုးရိမ်နေခြင်း

- အမျိုးသမီးအခွင့်အရေးကိုလုပ်ဆောင်နေသော အဖွဲ့အစည်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် ရန်ပုံငွေအကန့်အသတ်များရှိနေခြင်း အမျိုးသမီးများ၏ ပါဝင်မှုနှင့် ခေါင်းဆောင်မှုကဏ္ဍအတွက် အထက်ဖော်ပြပါ ကန့်သတ်ချက်များနှင့် စိန်ခေါ်မှုများ ရှိနေသော်လည်း အမျိုးသမီးအခွင့်အရေးအတွက် လှုပ်ရှားနေကြသော အရပ်ဖက်အဖွဲ့များနှင့် အမျိုးသမီးအဖွဲ့များသည် စစ်ဘေးဒဏ်ခံစားနေရသော ပြည်သူများနှင့် ရောက်ရှိရန်ခက်ခဲသော နေရာဒေသများတွင် လူသားချင်းစာနာကူညီမှုများကို မရပ်မနား ပြုလုပ်နေသည့်အပြင် အသက်ကယ်ခြင်းနှင့် ကြံ့ကြံ့ခံနိုင်စွမ်း တိုးတက်စေရန် ကူညီမှုများကို လုပ်ဆောင်လျှ က်ရှိနေသည်။ [27] [28]

အမျိုးသမီးအခွင့်အရေးအတွက် လှုပ်ရှားနေကြသော အရပ်ဖက်အဖွဲ့အစည်းများ၊ အမျိုးသမီးအဖွဲ့များနှင့် ကွန်ရက်များသည် နေပြည်တော်နှင့် ရှမ်းပြည်အပါအဝင် မြန်မာနိုင်ငံတဝှမ်း တည်ရှိနေကြသော်လည်း ထောက်ခံပြောဆိုမှုများ/အရေးဆိုတောင်းဆိုမှုများနှင့် မူဝါဒပိုင်းဆိုင်ရာ လုပ်ငန်းများတွင် ရန်ပုံငွေ ရရှိရန် ခက်ခဲခြင်းနှင့် တူညီသော အခွင့်အလမ်းများ မရရှိခြင်းကြုံတွေ့ရသည်။ [29] ပဋိပက္ခစစ်ပွဲများ ဖြစ်ပွားနေသော အချိန်တွင် အမျိုးသမီးအရပ်ဖက်အဖွဲ့အစည်းများသည် ရပ်ရွာလိုအပ်ချက်များကို ကောင်းစွာနားလည်ပြီး မတူညီသောသူများ ဥပမာ ကိုယ်ဝန်ဆောင် အမျိုးသမီး၊ နို့စို့အရွယ်ကလေးသူငယ်၊ သက်ကြီးရွယ်အိုများနှင့် ခြားနားစွာသန်စွမ်းသူတို့၏လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးကြသည့်အပြင် ရပ်ရွာအတွင်း တင်းမာမှုများ ပြေလျော့ခြင်းနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက် ကြသည်။ ရရှိသော သတင်းများ အရ ယခုငလျင်ဒဏ်ကယ်ဆယ်ရေးနှင့်

---

[27] Leap4Peace, 2024, Women's participation in peace processes in Myanmar

[28] IDEA International, 18 March 2024, Women’s Political Participation and Empowerment in Post-Coup Myanmar

[29] UN Women Asia and the Pacific, 2019, Gender Profile for Humanitarian Action, and across the Humanitarian-Peace-Development Nexus | Rakhine, Kachin and Northern Shan

ပြန်လည်ထူထောင်ရေး လုပ်ငန်းများ တွင်လည်း အမျိုးသမီးနှင့် အမျိုးသမီးအရပ်ဖက်အဖွဲ့အစည်းများ ပေါ်ပေါက်နေပြီး ဆက်လက်၍ ကယ်ဆယ်ရေး လုပ်ငန်းများကို ရှေးဦးစွာ လုပ်ဆောင်လျှက်ရှိသည်။ ထိုသို့ အမျိုးသမီးများနှင့် အမျိုးသမီးအခွင့်အရေး လှုပ်ရှား နေသော အရပ်ဖက် အဖွဲ့ အစည်း များ၏ အခန်းကဏ္ဍကို အသိအမှတ်ပြု မြှင့်တင်ပေးရန်မှာ ရေရှည်လုပ်ဆောင် ရမည့် လုပ်ငန်းများအတွက် အရေးကြီးပါသည်။

ဒေသဆိုင်ရာရန်ပုံငွေပံ့ပိုးပေးသော ဖမေးနစ်(စ်)အဖွဲ့အစည်းများသည် အကြပ်အတည်းများမဖြစ်ခင် ကတည်းက အတူဆောင်ရွက်နေကြသော မြန်မာပြည်တွင်းရှိအမျိုးသမီးအခွင့်အရေးအတွက် လုပ်ဆောင် နေကြသည့် အရပ် ဖက် လူမှုအဖွဲ့အစည်းများ နှင့် အတူ လျေင်ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်နေကြသည်။

ဥပမာအားဖြင့် the Urgent Action Fund for Women's Human Rights Asia Pacific နှင့် the Women's Fund Asia တို့သည် မတူကွဲပြားသောအဖွဲ့အစည်းများသို့ ထောက်ပံ့ပေးနေဆဲ အကူအညီများအပြင် လျေင်တုံ့ပြန် ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေများထောက်ပံ့ပေးပြီးဖြစ်သည်။ ဒေသအတွင်းရှိအရပ် ဖက်လူမှု အဖွဲ့အစည်း များမှ ထုတ်ပြန်သည့် ကြေညာချက် တစ်ခုတွင် ယခုဖြစ်ပွားသော လျေင်သည် လက်ရှိအကြပ်အတည်းများကို ပိုမိုဆိုးဝါးစေရုံသာမက နိုင်ငံတကာအကူအညီများ ကို လက်နက် သဖွယ်အသုံးပြုလာနိုင်သည့် အန္တရာယ်ကို မီးမောင်းထိုးဖော်ပြထားခြင်းသည် အလွန်အရေးပါသော အချက်ဖြစ်သည်။ မြေပြင်တွင်ရှိသော အရပ်ဖက် လူမှု အဖွဲ့အစည်းများအနေနှင့် ပြည်ပနိုင်ငံများမှ ရန်ပုံငွေအကူအညီများကို လက်ခံရရှိရန် အတွက် ဖွဲ့စည်းပုံနှင့်ဘေးကင်းလုံခြုံရေးဆိုင်ရာအမျိုးမျိုးသော ပိတ်ပင်တားဆီးမှုများကို ရင်ဆိုင်နေရသည်။ ထိုသို့ ရင်ဆိုင် နေရသောကြောင့် အလှူရှင်များအနေဖြင့် အမျိုးသမီးအခွင့်အရေးများကို လုပ်ဆောင်နေ သောအဖွဲ့ အစည်းများနှင့် အတူ အရေးပေါ်အခြေအနေ များကို တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် သေး ငယ် သော ထောက်ပံ့ငွေများကို အလျှင်အမြန်ထောက်ပံ့ သည့် နည်းလမ်းကဲ့သို့ အခြားသော ရန်ပုံငွေများ ထောက်ပံ့ ပေးနိုင် သည့် အကောင်းဆုံးနည်းလမ်းများ အား ရှိဖွေရန်လိုသည်။ လူသားချင်းစာနာ ထောက်ထား မှုများ အတွက် တုံ့ပြန်ဆောင်ရွက်ရာတွင်

အလုံးစုံကာကွယ်ခြင်းနှင့် ဘေးကင်းလုံခြုံစေရေး မူဘောင်များကို အသုံးပြု ရန်လိုကြောင်း ဖမေးနစ်(စ်) ရန်ပုံငွေအဖွဲ့အနေဖြင့် အကြံပြုလိုပါသည်။

အများပိုင်နယ်မြေများတွင် ဆုံးဖြတ်ချက်ချနိုင်မှုအပေါ်လွှမ်းမိုးနိုင်မှုနှင့် ခေါင်းဆောင်မှုနေရာတွင် ရှိနိုင်ရန်အတွက် အကန့်အသတ်နှင့်ရှိနေသောကြောင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ လိုအပ်ချက်များ မပြည့်မီ ခြင်းနှင့်အတူ ၎င်းတို့အနေဖြင့် အကြပ်အတည်းကာလ များတွင် ခုခံနိုင်စွမ်းအားနဲ့မှုများ ပိုမို မြင့်တက်လာသည် ကြုံတွေ့နေကြရသည်။ ထို့ကြောင့် ဂျဲန်ဒါတန်းတူညီမျှသော လူသားချင်းစာနာ ထောက်ထားမှုတုံ့ပြန် ဆောင်ရွက် ရေးအတွက် အမျိုးသမီးများ ၏ပါ ဝင်မှုနှင့် ခေါင်းဆောင်မှုတို့သည် အလွန်အရေးပါသည်။ [30]

## နားခိုရာနှင့်နေစရာနေရာများ

ယခုငလျင် မြို့ပြနှင့်ကျေးရွာများရှိ အရေးပါသောအခြေခံအဆောက်အအုံများအပါအဝင် လူများနေထိုင်ရာ အိမ်ရာ၊ အစိုးရအဆောက်အအုံများ၊ စီးပွားရေးဆိုင်ရာအဆောက်အအုံများ၊ ဆေးရုံများနှင့် ဘုရားကျောင်းများ၊ အစရှိသည် တို့ကြီးမားစွာ ပျက်စီးဆုံးရှုံးမှုများဖြစ်စေခဲ့သည်။[31] မန္တလေးနှင့်နေပြည်တော်တို့သည် မြို့ကြီးပြကြီးဧရိယာများ ဖြစ်နေသည်မှာ အရေးကြီးသော သတိပြုစရာ တစ်ခုဖြစ်သည်။ ငလျင်လှုပ်ပြီးသည့်နောက် ပြည်သူများသည် နောက်ဆက်တွဲငလျင်များထပ်မံလှုပ်ခတ်မည့် စိုးရိမ်ပူပန်မှုများကြောင့် ညဖက်များတွင် လမ်းများနှင့် လဟာပြင် များတွင် အိပ်စက်နေကြရသည်။[32] ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှု ပမာဏကို တွက်ချက် နေဆဲဖြစ်သော်လည်း လာမည့်ရက်များနှင့် ရက်သတ္တပတ်အတွင်း ဘေးကင်း လုံခြုံသောငလျင်ကယ်ဆယ်ရေးစခန်းများ နှင့် ယာယီ တဲများကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်နေသည်။ အရေးပေါ်နားခိုရာနေရာများကို ဒီဇိုင်းရေးဆွဲရာတွင် ဂျဲန်ဒါ၊ အသက်အရွယ်၊ စွမ်းဆောင်နိုင်မှု၊ လူတစ်ဦးချင်း၏ ယဉ်ကျေးမှုနှင့် အညီလိုအပ်ချက်များနှင့် ဦးစားပေး

30 UN Women, 13 December 2024, Myanmar 2025 Gender Humanitarian Strategy

31 DFS, 28 March 2025, Area Profile Report: Affected Myanmar Regions

32 OCHA, 29 March 2025, Myanmar Earthquake Flash Update #1 (As of 29 March 2025)

မှု များအပါအဝင် ထိခိုက်ခံစားလွယ်သည့် အုပ်စုများနှင့် မမျှတစွာထိခိုက် ခံစားရသူများအနေနှင့် ဘေးကင်းလုံခြုံ သော သင့်တော်သည့် နားခိုရာနေရာကို လက်လှမ်းမီရှိစေရန်တို့ကို ထည့်သွင်းစဉ်းစားရန်လိုသည်။

ငလျင်ဒဏ်မခံစားရခင် , မလုံလောက်သော ၊ မပြည့်စုံသော နှင့် ဘေးကင်းလုံခြုံမှုမရှိသော နားခိုရာများသည် အမျိုးသမီး၊ မိန်းကလေးများနှင့် မတူကွဲပြားစွာ လိင်စိတ်တိမ်းညွတ်သူများ အနေဖြင့် မမျှတစွာ ထိခိုက်ခံစား ခဲ့ရသည်။ [33] ၂၀၂၅ ခုနှစ်အ စပိုင်းတွင် ကာလရှည်စွာ လုံခြုံမှုမရှိခြင်း၊ နိုပ်စက်ညှင်းပန်းခြင်း နှင့် ရေကြီးရေလျှံခြင်း အပါအဝင် သဘာဝဘေးအန္တရာယ်များ စသည်တို့ကြောင့် ၅.၁ သန်းခန့်သော လူဦးရေသည် နားခိုရာနေရာ၊ အစားအသောက် မဟုတ် အခြား ပစ္စည်းများ အရေးတကြီး လိုအပ်လျှက်ရှိသည်။ [34]စစ်ဘေးဒဏ်ခံစားနေရသော ဒေသများတွင် အိမ်များမီးရှို့ဖျက်စီး ခံရခြင်း၊ အခြေခံအဆောက်အအုံများ ပျက်စီးခြင်းနှင့် ဝန်ဆောင်မှုများ နှောက်ယှက်ဖျက်စီးခံရခြင်းများ၊ စစ်ဘေးရှောင် များ ပိုမိုများပြားလာခြင်း စသည်တို့ သည် နားခိုရာနေရာများ ထပ်မံလိုအပ်မှုများဖြစ်ပေါ်စေသည်။ [35] ပြည်တွင်းစစ်ဘေးရှောင်ပြည်သူများသည် စစ်တပ်၏ လေကြောင်း တိုက်ခိုက်မှုများကြောင့် တစ်နေရာမှ တစ်နေရာသို့ ထပ်ခါတလဲလဲ ရှောင်တိမ်းနေရပြီး မိသားစုများသည် မလုံခြုံမှု များနှင့် သက်မွေးဝမ်းကြောင်းလုပ်ငန်းများ ဆက်လက်မလုပ်ဆောင်နိုင်တော့ဘဲ ယာယီတဲများ နှင့် နေထိုင်နေရသည်။ [36] ငလျင်ဒဏ်ခံစားနေရသည့်အချိန်မှာပင် လေကြောင်းတိုက်ခိုက်မှုများ ကို ဆက်လက် လုပ်ဆောင်နေသည်။ ၂၀၂၄ ခုနှစ် ဒုတိယနှစ်လယ်ပိုင်းလောက်တွင် ရေကြီးရေလျှံခြင်းနှင့် ရာသီဥတု ပြောင်းလဲခြင်းတို့ကြောင့် ပြောင်းရွှေ့ နေထိုင်ခြင်းများ ကြောင့် နားခိုရာနေရာလိုအပ်ချက်များ တိုးမြင့်လာသည်။ ထိုသို့တိုးမြင့်လာခြင်းသည် အမျိုးသမီးအိမ်ထောင်ဦးစီးများ၊ ခြားနားသန်စွမ်းသော သူများနှင့် ကလေးသူငယ်များအတွက် အန္တရာယ်များရှိနေသည်။၂၀၂၄ ခုနှစ်တွင်ပြုလုပ်ခဲ့သည့် ကဏ္ဍပေါင်းစုံ အလိုက်

[33] Report. Name withheld. 2024.

[34] OCHA, 13 December 2024, Humanitarian Needs and Response Plan 2025

[35] DFS, 28 March 2025, Area Profile Report: Affected Myanmar Regions

[36] OCHA, 13 December 2024, Humanitarian Needs and Response Plan 2025

လိုအပ်ချက် ဆန်းစစ်ချက်တွင်  မိမိအိမ်ရာ များတွင် နေထိုင်ခြင်းထက် ယာယီစခန်းများကဲ့သို့ အများစုပေါင်းနေရာသည့် နေရာများတွင် အမျိုးသမီး အိမ်ထောင်ဦးစီးများအနေနှင့် အမျိုးသားအိမ်ထောင်ဦးစီးများထက် မလုံခြုံမှုကို ပိုခံစားရကြောင်း တွေ့ရှိရသည်။ [37]

စစ်ဘေးရှောင်ပြည်သူအရေအတွက် တိုးမြင့်လာသော်လည်း မြန်မာနိုင်ငံတလျှောက်လုံးတွင်  လျောင်မတိုင်မီ ကတည်းကပင်  နားခိုရာနေရာ လိုအပ်ချက်ရှိနေသည်။ အရေးပေါ်အခြေအနေများအတွက် နားခိုရာနေရာ များသည် လုံလောက်မှုမရှိဘဲ စစ်ဘေးရှောင်သူများ၏ ၁၅ % ကသာ စနစ်တကျရှိတည်ဆောက်ထားသော နေရာ/ ယာယီစခန်းများ နေကြရသည်၊ ထိုအခြေအနေများသည် သန်းပေါင်းများစွာသော သူများအတွက် အစား အသောက်များ ၊သန့်ရှင်းသောရေများ၊ ကူညီပံ့ပိုးပေးမှုများနှင့်ကျန်းမာရေးစောင့်ရှောက်မှုများအတွက် လိုအပ်ချက် များစွာရှိနေသည့်အပြင်  ထိုသူတို့သည် အရင်းအမြစ်များရှားပါးသော၊လုံခြုံမှုမရှိသော နေရာများ၊ ယာယီရွှေ့ပြောင်း နိုင်သော နေရာများ သို့မဟုတ် တောတောင်များအတွင်း နှင့် အစွန်အဖျားကျသော နေရာများတွင် နေကြရသည်။ [38] မလုံခြုံသည့်  ပတ်ဝန်းကျင်သည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက်  ဘေးအန္တရာယ် များ ပိုမိုကြုံတွေ့ရနိုင်သည်။ ရန်ပုံငွေများနှင့် အရင်းအမြစ်များ အကန့်အသတ်ရှိနေမှုနှင့် အတူအထောက် အပံ့များ ပံ့ပိုးပေးနိုင်ရန်နှင့် ဘေးကင်းလုံခြုံသောနားခိုရာနေရာများနှင့်  လူသားချင်းစာနာမှု  အထောက်အပံ့များအား  လက်လှမ်းမီရန် စိန်ခေါ်မှုများရှိနေသောကြောင့်   အထူးသဖြင့် စစ်မက်ဖြစ်ပွားနေသော နေရာများတွင် နားခိုရာ နေရာ လိုအပ်ချက်များပြည့်မီနိုင်ရန်အတွက် အခက်အခဲများ တိုးမြင့် လာသည်။[39]

ယာယီစစ်ဘေးရှောင်စခန်းများနှင့် တည်ရှိရာနေရာများသည် လူနေထူထပ်ခြင်း ဒီဇိုင်းကောင်းမွန် ခြင်းမရှိခြင်း၊  အမျိုသမီးများနှင့်မိန်းကလေးငယ်များအတွက် သီးသန့်နေရာများ အားနည်းနေခြင်း၊ မိလ္လာစနစ်များနှင့် သီးသန့် နေရာများ မပြည့်စုံ နေခြင်း တို့ဖြစ်နေသည်။ [40] ဤအခြေအနေများသည် အမျိုးသမီး

---

[37] Report. Name withheld. 2025.

[38] OCHA, 13 December 2024, Humanitarian Needs and Response Plan 2025

[39] Report. Name withheld. 2025.

[40] Report. Name withheld. 2025.

များနှင့်မိန်းကလေးငယ်များ၏ ဘေးကင်းလုံခြုံမှု အပေါ်သက်ရောက်မှုရှိပြီး ၎င်းတို့အနေနှင့် လိင်ပိုင်းဆိုင်ရာထိပါးနှောက်ယှက်မှု၊ အမြတ်ထုတ် မှုနှင့် ကိုယ်ထိလက်ရောက်ကျူးလွန်မှု တို့အတွက် ခုခံနိုင်စွမ်းနည်းပါးသူများ ဖြစ်လာနိုင်သည်။ [41] နားခိုရာနေရာ များသည် အသက်ကြီးသောသူများ၊ ခြားနားသန်စွမ်းသောသူများ၊ မတူကွဲပြားစွာ လိင်စိတ်တိမ်းညွတ်သူများ၊ ကိုယ်ဝန်ဆောင် အမျိုး သမီးများအတွက် ထည့်သွင်းစဉ်းစားထားခြင်းမရှိသောကြောင့် လက်လှမ်းမီရန် အခက် အခဲများရှိသည်။ နားခိုရာနေရာများယဉ်ကျေးမှုအခြေအနေများကို ထည့်သွင်းစဉ်းစားရန်လိုသည် အဘယ်ကြောင့် ဆိုသော အချို့သောအမျိုးသမီးများနှင့်မိန်းကလေးငယ်များသည် ဘာသာရေးအရ ကန့်သတ်ထားခြင်းကို ရင်ဆိုင်ရ ပြီး ထိုအချက်များကြောင့် သုခချမ်းသာမှုများအပေါ်သက်ရောက်မှုရှိသည်။[42]

စစ်ဘေးရှောင်ပြည်သူများအကြားကောက်ယူခဲ့သော အကာအကွယ်ပေးရေးဆန်းစစ်ချက်တွင် အရွယ် မတိုင်မီ အိမ်ထောင်ပြုခြင်း၊ ဂျန်ဒါအခြေပြုအကြမ်းဖက်မှုများ၊ ခေါင်းပုံဖြတ်မှုနှင့်အကြမ်းဖက်မှုများ၏အန္တရာယ်များ မြင့်တက်နေသည်ကို တွေ့ရှိရသည်။[43]

မြန်မာနိုင်ငံတွင် စစ်ဘေးရှောင်စခန်းစီမံခန့်ခွဲမှုနှင့် ညှိနှိုင်းဆောင်ရွက်မှုများတွင် အမျိုးသမီးများ၏ကိုယ်စားပြုမှု အားနည်းနေပြီး အမျိုးသားများကသာ ကြီးစိုးလုပ်ကိုင်ကြသည်။ အကယ်၍ အမျိုးသမီးအဖွဲ့များနှင့် ဆွေးနွေးပွဲ များ ရှိခဲ့လျှင်သော်မှ အမျိုးသမီးများ၏ စစ်မှန်သောကိုယ်စားပြုမှုများ၊ ပါဝင်မှုနှင့် ခေါင်းဆောင်မှု အား မြှင့်တင် ပေးနိုင် မည်မဟုတ်ပေ။ [44] ထိုသို့ အမျိုးသမီးများ၏ ပါဝင်မှုများနှင့်ကိုယ်စားပြုမှုများမရှိခြင်းသည် အမျိုးသမီး များ၏ သုခချမ်းသာ၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးတို့အတွက် ထိခိုက်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ဒုတိယမြို့ဖြစ်သည့် မန္တလေးမြို့၊ တတိယ အကြီးဆုံးမြို့ ဖြစ်သည့် နေပြည်တော် (၂၀၁၄ သန်းကောင်စာရင်းအရ လူဦးရေ ၁,၃၁၉,၄၅၂ နှင့် ၉၅၀,၀၀၀ အသီးသီးနေ ထိုင်ကြသည်) အပါအဝင်

---

41 Report. Name withheld. 2025.

42 Report. Name withheld. 2025.

43 Myanmar Protection Cluster, December 2024, Myanmar Protection Analysis Update

44 ibid.

မြို့ပြ ကြီးများ၏ အချို့သောဧရိယာများသည် ငလျင်ဒဏ်ကို ခံစားခဲ့ရသည်။ မန္တလေးနှင့်စစ်ကိုင်း ကဲ့သို့သော နိုင်ငံရေး မတည်ငြိမ်မှုများဆက်လက်ဖြစ်ပွားနေသည့်အချိန်တွင် ထိုဒေသများ တွင် နေထိုင်သူများအနေဖြင့် တောတောင် များ၊ ဘုန်းကြီးကျောင်းများ၊ ဘုရားကျောင်းများ နှင့် အခြားသော နေရာများသို့ ရွှေ့ပြောင်း နေထိုင်ကြရပြီး ငလျင် ကြောင့် ရွှေ့ပြောင်းနေထိုင်ခြင်းများကို ပိုမိုရှုတ်ထွေး သွားစေသည် ။ ရေရှည်တွင် အိမ်ရာပိုင်ဆိုင်မှု၊ အိမ်ရာများ၊ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ နှင့် စာသင်ကျောင်း စသည်တို့ ပြန်လည်တည်ဆောက်ရေး များကို မည်သူတို့က ဦးဆောင်လွှမ်းမိုးမည် စသည့် ကိစ္စရပ်များသည် အမျိုးသမီး၊ မိန်းကလေး၊ ယောကျာ်းလေးနှင့် အမျိုးသားများ အပေါ်တွင် မတူညီသော အကျိုးသက်ရောက် များဖြစ်ပေါ်နိုင်သည်။

## ရေ၊ မိလ္လာ ရေဆိုးနုတ်စံနစ်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး

ငလျင်သည်ရေသွယ်ယူရေးစနစ်များအားလုံးနီးပါးနှင့် အချို့သောနေရာများတွင် ရေအရင်းအမြစ်များ ပျက်စီးစေ သည်။ ကယ်ဆယ်ရေးပြုလုပ်နေသူများအရ အစားအစာအခြောက်အခြမ်းများနှင့် သောက်သုံးရေလိုအပ်မှုသည် အရေးပေါ်ကာလအတွင်းအလိုအပ်ဆုံးအကူအညီဖြစ်သည်။ [45] ကယ်ဆယ်ရေးနှင့်ရှာဖွေရေးလုပ်ငန်းများ အရေးပေါ်လုပ် ဆောင်ရန် လိုအပ်သောနေရာအများစုတွင် ကယ်ဆယ်ရေးနှင့်ရှာဖွေရေးလုပ်သားများစွာလို အပ်နေသည်။ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရာ တွင် ကူးစက်ရောဂါဖြစ်ပွားမည့် အန္တရာယ်များ လျှော့ချနိုင်ရန် ရေအရင်းအမြစ်များနှင့်စွန့်ပစ် ပစ္စည်းစီမံခန့်ခွဲခြင်းစနစ်များကိုထိန်းသိမ်း ခြင်း၊ကျန်းမာရေး အန္တရာယ် များကို လျှော့ချခြင်းနှင့်တစ်ကိုယ်ရေကျန်းမာရေး အလေ့အထ များအား မြှင့်တင်ခြင်း စသည်တို့ကို လုပ်ဆောင်ရန်လိုသည်။ [46] ရေ မိလ္လာနှင့် ရေဆိုးနုတ်စနစ်နှင့် တစ်ကိုယ်ရေကျန်းမာရေးအတွက် လုပ်ဆောင် ကြိုးပမ်းမှု များနှင့် ထိုလုပ်ငန်းစဉ်များဆိုင်ရာ လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ဒီဇိုင်းများရေးဆွဲ ရာတွင် အမျိုးသမီးများနှင့် မ

---

[45] OCHA, 29 March 2025, Myanmar Earthquake Flash Update #1;

[46] Oxfam, January 2014, Gender-sensitive WASH programming in post-earthquake Haiti; WHO and Public Health England, 2017, Health Emergency and Distaster Risk Management WASH

တူကွဲပြားသော လူအုပ်စုများ၏ လိုအပ်ချက်များနှင့်၎င်းတို့၏ဦးစားပေးမှုများအား ထည့်သွင်းလုပ်ဆောင်နိုင်မှသာ လျှင် ထိုခိုက်ခံစားရသူများအတွက် ထိရောက်စွာ ဆောင်ရွက် နိုင်မည် ဖြစ်ပါသည်။

ငလျင်ဒဏ်မခံစားရမီအချိန်ကတည်းကပင် မြန်မာနိုင်ငံတွင် အကြပ်အတည်းကိုတွေ့ကြုံရသူများအနေနှင့် သန့်ရှင်းသောရေ၊ မိလ္လာရေဆိုးနုတ်စနစ်များနှင့် လုံလောက်သော တစ်ကိုယ်ရေ ကျန်းမာရေး များအားလက်လှမ်းမီနိုင်မှုမှာ အကန့်အသတ်နှင့်ရှိနေပါသည်။ ပဋိပက္ခများကြောင့် ထိုအချက်များသည် အမျိုးသမီး၊ မိန်းကလေးငယ်များနှင့် မတူကွဲပြားစွာ လိင်စိတ်တိမ်းညွတ်သူများနှင့်လိင်ဝိသေသနခံယူသူများအား အားပိုမို ဆိုးဝါးစေသည်။ [47] ပြိုကျပျက်စီးခြင်း၊ကောင်းမွန်စွာလည်ပတ်နိုင်မှုမရှိခြင်း သို့မဟုတ် ရေစနစ်ဆိုင်ရာ အဆောက် အအုံ များ ပျက်စီးသွားခြင်းက များစွာသော လူမှုအသိုင်းအဝန်းများအား သန့်ရှင်းသောရေ များကို လက်လှမ်း မီနိုင်ရန် အတွက် ပိုမိုခက်ခဲစေပြီး အထူးသဖြင့် ဓလေ့ထုံးတမ်းများအရ ရေရှာဖွေ စုဆောင်းရသည့် အလုပ်ကို အမျိုးသမီးနှင့် မိန်းကလေးငယ် ကလုပ်ဆောင်ရသောကြောင့် ၎င်းတို့အပေါ် ပိုမိုသက်ရောက်မှု ရှိစေသည်။ [48] ပဋိပက္ခဒေသများတွင်ရှိသော အမျိုးသမီးနှင့် မိန်းကလေးငယ်များသည် ပစ္စည်းဈေးနှုန်းများမြင့် တက်ခြင်း/ စီးပွားရေးကြပ်တည်းခြင်းနှင့် သယ်ယူပို့ဆောင်ရေးစနစ်ပျက်စီးခြင်းနှင့် လမ်းပန်းဆက်သွယ်ရေးများ ကန့်သတ် ထားခြင်းတို့ကြောင့် အမျိုးသမီးလစဉ်သုံးပစ္စည်းများနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများ ဆိုးဝါးစွာ ပြတ်တောက်မှုကို ကြုံတွေ့ရသည်။ စစ်ရှောင် စခန်းများတွင်နေကြရသော အမျိုးသမီးများ နှင့်မိန်းကလေး ငယ်များသည် မျှတမှုမရှိစွာ ပိုမိုကြုံတွေ့ရသည်။[49] အမျိုးသမီးလစဉ်သုံး ပစ္စည်းများနှင့် တစ်ကိုယ်ရည်သန့်ရှင်း ရေးပစ္စည်း များမရရှိနိုင်ခြင်းသည် အမျိုးသမီးများအတွက် အိမ်ပြင်ပသို့သွားလာရန်ခက်ခဲခြင်း၊ အရှက် အကြောက်များရင်ဆိုင်ရခြင်းနှင့် အများနှင့်သက်ဆိုင်သော နေရာများသို့သွားလာရန် ယုံကြည်ချက်မရှိခြင်းတို့ ဖြစ်ပေါ်စေသည်။

---

[47] Report. Name withheld. 2025.

[48] OCHA,13December2024,HumanitarianNeedsandResponsePlan2025

[49] Report.Namewithheld.2025.

အမျိုးသမီးလစဉ်သုံးပစ္စည်းများ လက်လှမ်းမီရရှိမှု အကန့်အသတ်နှင့်ရှိနေခြင်းသည် အမျိုးသမီးများ၏ သုခ ချမ်းသာ၊ဂုဏ်သိက္ခာ၊ သွားလာလှုပ်ရှားမှုနှင့် အများပိုင်နေရာများတွင် ပါဝင်နိုင်မှုတို့ အပေါ် အကန့်အသတ် များဖြစ်စေသည်။ စစ်ရှောင်စခန်းများသည် များသောအားဖြင့် ရေရှားပါးခြင်း၊ လျှပ်စစ်မီးပြတ်လပ် ခြင်း၊ရေချိုးခန်း အိမ်သာများကို လူအများအပြားသုံးစွဲရခြင်း၊ ပြင်ဆင်ထိန်းသိမ်းမှု အားနည်းခြင်း၊ ရေချိုးခန်း အိမ်သာ များအား အမျိုးသမီးနှင့်အမျိုးသားများအတွက် သီးသန့်ခွဲထားမှုမ ရှိခြင်း၊ ဘေးကင်းလုံခြုံမှုမရှိခြင်း တို့ကြောင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ဘေးကင်း လုံခြုံရေး ၊ ကျန်းမာရေး နှင့် ၎င်းတို့၏ဂုဏ်သိက္ခာ အပေါ် သက်ရောက်မှုများရှိသည်။ [50] ထိုအခြေအနေ များက အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား မလုံခြုံသည့် အခြားနည်းလမ်း များအား အသုံးပြု ရန်အတွက်တွန်းအားပေးသကဲ့သို့ဖြစ်နေသည်။[51]

## ကျန်းမာရေး

ငလျင်ဒဏ်မခံစားရမီအချိန်ကတည်းကပင် ၇၀ ရာခိုင်နှုန်းခန့်သော ကျန်းမာရေးစောင့်ရှောက်မှုဝန်ထမ်း များသည် နိုင်ငံမှ တိမ်းရှောင် ထွက်ပြေးသွားကြသည်ဖြစ်ရာ[52] ဆေးပညာရှင်များနှင့် အထူးကုပညာရှင် များ လျော့နည်းပြီး ကျန်ရှိသောကျန်းမာရေးဝန်ထမ်းများ၏ ကျန်းမာရေးဝန်ဆောင်မှုများ ကို အထူးသဖြင့် ဝေးလံခေါင်ဖျားဒေသများမှ အမျိုးသမီးများအနေဖြင့် လက်လှမ်းမီရန် အခက်အခဲများစွာ ရှိသည်။[53] မြန်မာနိုင်ငံ၏ ကျန်းမာရေးစနစ်သည် အားနည်းနေပြီး ရန်ပုံငွေမ လုံလောက်မှု မရှိခြင်းက ယခု လက်ရှိဖြစ်ပေါ်နေသော ရှုတ်ထွေးသည့် အရေးပေါ် လူသားချင်းစာနာထောက်ထားမှုများကို တုံ့ပြန် ဆောင်ရွက်နိုင်ရန်အတွက် အဟန့်အတားများဖြစ် စေသည်၊ [54] [55]

---

[50] Report. Name withheld. 2025.

[51] Report. Name withheld. 2025.

[52] Krugman, Think Global Health, 4 March, 2024, In Myanmar, Health Care Has Become a Battleground

[53] UNICEF Myanmar, 5 February 2025, Six Things to Watch in Myanmar in 2025

[54] Humanitarian Action, December 2024, Myanmar Humanitarian Needs and Response Plan

[55] Yang et al., 18 May 2023, Current status and needs in the primary healthcare system in Yangon, Myanmar: a mixed-method evaluation

လျောင်ဒဏ်မခံစားရခင်ကတည်းကပင် အထူးသဖြင့် အမျိုးသမီးများ ဝင်ငွေနည်းသည့် လူအုပ်စုများနှင့် ကျေးလက် ဒေသနေပြည်သူများ၏ ကျန်းမာရေးလိုအပ်ချက်များနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဖြည့်ဆီး နိုင်ခြင်းမရှိဘဲ လိုအပ်ချက်များစွာရှိနေသည်။[56] မကွေး၊မန္တလေးနှင့်စစ်ကိုင်းမြို့များရှိ ကျန်းမာရေးဆိုင်ရာ ပစ္စည်းကရိယာများနှင့် အဆောက်အအုံများသည် ပုံမှန်လုပ်ဆောင်နိုင်ခြင်းမရှိခြင်း သို့မဟုတ် စစ်တပ်မှ ပိတ်သိမ်းခြင်းများကို လုပ်ဆောင်ထားသောကြောင့် အခြေခံလိုအပ်ချက်များ အတွက် အခက်အခဲများစွာ ရှိနေသည်။ [57] လျောင်မတိုင်မီက ကျန်းမာရေးဝန်ဆောင်မှု လိုအပ်ချက်များမှာ ကူးစက်နိုင်သော/မကူးစက်နိုင်သောရောဂါများ၊ အာဟာရချို့တဲ့ မှုများ၊ သန့်ရှင်းမှုအားနည်းခြင်း ကြောင့် ဖြစ်ပွားသောအရေပြားရောဂါများ၊ လိင်မှတဆင့်ကူးစက်တတ်သော မျိုးဆက်ပွားဆိုင်ရာရောဂါများ၊ စိတ်ဒဏ်ရာများ၊ စိတ်ကျန်းမာရေးနှင့် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါများ ဖြစ်သည်။ တိုင်းရင်းသား လူနည်းစု နှင့် နယ်များမှ အမျိုးသမီးသည် ကျန်းမာရေးစောင့်ရှောက်မှု/ကုသမှုများကို မခံယူ ချင်ကြပေ။ [58]ပြိုကျလုဆဲဖြစ်နေသော ကျန်းမာရေးစနစ်ကြောင့် ပဋိပက္ခဖြစ်နေသောနေရာများနှင့် ရောက်ရန် ခက်ခဲ သောနေရာများတွင် ပုဂ္ဂလိကဆေးရုံဆေးပေးခန်းများ၊ လူသားချင်းစာနာထောက်ထား မှုအထောက် အပံ့ များနှင့် ဝန်ဆောင်မှုများရရယူရန်အတွက်ရပ်ရွာအခြေပြု အဖွဲ့အစည်းများအား အားထားနေရသည်။ [59]

ရှိနှင့်ပြီးသော တန်းတူညီမျှမှုမရှိခြင်းနှင့် ခွဲခြားဆက်ဆံ မှုများသည် ဖယ်ကြဉ်ခံထားရသော သူများနှင့် ထိခိုက် လွယ်သောသူများဖြစ်ကြသည့် အမျိုးသမီး အပါအဝင် အမျိုး သမီးဦးဆောင်သောအိမ်ထောင်စု များ၊ မိန်းကလေး များ၊ ခြားနားသန်စွမ်းသူများ၊ လိင်စိတ်တိမ်းညွတ်မှု နှင့်လိင်ဝိသေသခံယူသူများ၊ နိုင်ငံမဲ့ရိုဟင်ဂျာများ၊ စက်ရုံ လုပ်သားများ၊ လယ်သမားများနှင့် လိင်လုပ်သားတို့သည် အဓိက ကျန်းမာရေး ဝန်ဆောင်မှုဖြစ်သည့် လိင်နှင့် မျိုးဆက် ပွားကျန်းမာရေး ကို လက်လှမ်းမီရန် အဟန့်အတား များဖြစ်

---

56 Tinn et al., 2024, Unmet healthcare needs and their determining factors: addressing inequalities in access to healthcare in Myanmar

57 WHO, 30 march 2025, Earthquake response in Myanmar

58 Tang and Zhao, March 2019 Health system strengthening in post-conflict ethnic regions of Northeastern Myanmar: a qualitative study

59 OCHA, December 2023, Myanmar Humanitarian Needs and Response Plan 2024 (December 2023)

စေသည်။ ထိုအုပ်စုတွင် ပါဝင်နေကြ သောအမျိုးသမီးများသည် အုပ်စုတူအတွင်းရှိ အမျိုးသားဦးဆောင်သော အိမ်ထောင်စုများ ထက်အရင်း အမြစ်များ အားလက်လှမ်းမီခြင်းနှင့်ဖြစ်ပေါ်လာသည့် အသစ်အသစ်သော တုန်လှုပ်ခြောက်ခြားမှုများ ကို ဖြေရှင်းနိုင် ရန်အတွက် အခက်အခဲများ ပိုမိုတွေ့ကြုံရသည်။[60]

2025 Humanitarian Needs & Response Plan (HNRP) ၏အစီရင်ခံစာများအရ မြန်မာပြည်သူ ၃ သန်းခန့်သည် အာဟာရဆိုင်ရာ ပံ့ပိုးမှုများအရေးတကြီးလိုအပ်နေသည်။ [61] ငလျင်မလှုပ်ခတ်မီ ၃ လ အလို၊ ၂၀၂၄ ဒီဇင်ဘာလ ဖော်ပြပါ အချက်အလက်များတွင် ထပ်တိုး၍ ၅နှစ်အောက်ကလေးငယ် ၂ သန်းခန့်နှင့် ၁ သန်းခန့်သော ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များသည် အာဟာရဆိုင်ရာ ထောက်ပံ့မှုများ လိုအပ်နေသည်။

အစားအစာဖူလုံမှုမရှိခြင်း၊ အားနည်းသောအစောင့်ရှောက်မှုအလေ့အထ၊ ရေမသန့်ရှင်း မှု၊ မိလ္လာ ရေးဆိုးနုတ်စနစ်များနှင့်တကိုယ်ရေကျန်းမာရေး နှင့်ကျန်းမာရေးစနစ်များအလွန်အားနည်းနေခြင်းတို့သည့် အစားအစာလုံခြုံမှုမရှိခြင်း၊ ပဋိပက္ခများ၊ ရာသီဥတု ပြောင်းလဲမှုများ၊ စစ်ရှောင်စခန်းများ အစရှိသည်တို့ကို ပိုမိုဆိုးဝါးစေပြီး ထို့မှတစ်ဆင့် သေရေးရှင်ရေးတမျှဖြစ်သော အစားအသောက် မဖူလုံမှုနှင့် အဟာရ အခြေအနေ များကို တစ်နိုင်ငံလုံးကြုံတွေ့နေရခြင်းဖြစ်သည်။

အာဟာရမျှတစေရန် တာဝန်ကို အမျိုးသမီးတို့၏ အဓိကတာဝန်အဖြစ် လူ့အသိုင်းအဝန်းက သတ်မှတ်ထား သော်လည်း အိမ်ထောင်စု၏ ငွေကြေးစီမံခန့်ခွဲမှုနှင့်ငွေသားအထောက်အပံ့လက်ခံရယူခြင်း နှင့်ပတ်သက်၍ အမျိုးသားအများစုကသာ ချုပ်ကိုင်ထားကြ ပြီး ပူးပေါင်းဆောင်ရွက်မှုသည် အကန့်အသတ်နှင့်ရှိနေသည်။။ [62] ငလျင် ကြောင့်ပျက်စီးဆုံးရှုံးမှုများ ကြောင့်ရှောင်တိမ်းနေထိုင်ရသူများ ပိုမိုများပြားလာပြီး ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်သည်များနှင့် နို့တိုက်မိခင်များနှင့်တကွ သက်ကြီး

---

[60] Situational Overview Myanmar. Anonymous. March 2025

[61] OCHA, 13 December 2024, Humanitarian Needs and Response Plan 2025

[62] Report. Name withheld. 2025.

ရွယ်အို များသည် နာတာရှည်ရောဂါဝေဒနာခံစား ရခြင်းများဖြစ်လာနေပြီး ထိုလူအုပ်စုများသည် အစာအာဟာရ လိုအပ်သူများစာရင်းတွင် ထိပ်ဆုံးမှ တည်ရှိနေသည်။

## လိင်နှင့်မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးများ

ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် နို့တိုက်မိခင်များ၊ မွေးကင်းစကလေးငယ်များ နှင့် ၅ နှစ်အောက် ကလေး သူငယ်များသည် စစ်ပွဲများနှင့် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးအခက်အခဲများအကြားတွင် အခြေခံကျန်းမာရေး စောင့်ရှောက်မှုကိုပင် ရရှိရန် ခက်ခဲနေသည်။ မြန်မာနိုင်ငံ၏ မွေးဖွားပြီးနှင့် ၅နှစ်အောက်ကလေးငယ် သေဆုံးမှုနှုန်း မှာ အရှေ့တောင်အာရှတွင် အမြင့်ဆုံးဖြစ်ပြီး (ကလေးအယောက် ၁၀၀၀ အသက်ရှင်လျှက်မွေးတိုင်း အယောက် ၄၀ သေဆုံး) [63] ကိုယ်ဝန်ဆောင်ကာလအတွင်း စောင့်ရှောက်မှု မရရှိခြင်းကြောင့် ကလေးမီးဖွားစဉ် မိခင်သေဆုံးနှုန်းမှာ အယောက် ၁၀၀၀၀၀တွင် ၁၇၉ ဦးဖြစ်သည်။[64] ကိုယ်ဝန်ဖျက်ချခြင်းနှင့် ၎င်း၏နောက်ဆက်တွဲများကြောင့် မိခင်သေဆုံးမှုကို ဖြစ်စေပြီး ထိုသို့ဖြစ်ရခြင်းသည် လုံလောက်သောမိသားစုစီမံကိန်းရွေးချယ်စရာများနှင့် မလိုချင် သော၊ မရည်ရွယ်သော ကိုယ်ဝန်များလျှော့ချနိုင်ရန်တို့အတွက် အမျိုးသမီးများအားစောင့်ရှောက်မှုပေးသည့် ကျန်းမာရေး ဝန်ဆောင်မှု အကန့်အသတ်နှင့်ရှိနေသောကြောင့်ဖြစ်သည်။[65] ကိုယ်ဝန်ဆောင်အမျိုးသမီးများ အသက်အန္တရာယ်ကြုံတွေ့ရခြင်း ၏အခြားသောအကြောင်းအရင်းတစ်ခုမှာ ကလေးမီးဖွားပြီး သွေးဆင်းလွန်ကဲခြင်း၊ ကိုယ်ဝန်ဆောင်များ သွေးတိုးခြင်း (ကိုယ်ဝန်ဆိပ်တက်ခြင်း) တို့ကြောင့်ဖြစ်သည်။ ကိုယ်ဝန်ဆောင် စောင့်ရှောက်မှု ၊ ပြည့်စုံလုံလောက်သော ကျန်းမာရေးအဆောက်အအုံများနှင့် ဆေးရုံသုံးပစ္စည်းများ၊ လူသားအရင်းအမြစ်များ ( သားဖွားဆရာမများနှင့်ရပ်ရွာထဲရှိကျန်းမာရေးလုပ်သား) စသည့်အချက်များ အပေါ်မူတည်၍ ပိုးဝင်နိုင်မှုအခြေ အနေ များ ဖြစ်ပေါ်ပြီး ထိုပိုးဝင်မှုများကြောင့်လည်းသေဆုံးကြရသည်။ [66]

---

[63] UNICEF, 2025, Myanmar

[64] World Bank Group. Gender Portal Data, Myanmar

[65] UNFPA, 2025, Sexual & Reproductive Health, Myanmar

[66] UNFPA, 2025, Sexual & Reproductive Health, Myanmar

စစ်ဘေးဒဏ်ခံစားရသော ဒေသများနှင့် ကျေးလက်ဒေသများတွင် အမျိုးသမီးများအနေနှင့်  မျိုးဆက်ပွား ကျန်းမာ ရေးဆိုင်ရာ ဝန်ဆောင်မှုများနှင့်ဆေးဝါးပစ္စည်းများ၊  ကိုယ်ဝန်စောင့်ရှောက်မှုများ အားလက်လှမ်းမီ ရရှိနိုင်မှုနှင့် ကျွမ်းကျင်သော အရပ်လက်သည်များ ရရှိနိုင်မှုတို့သည် သည် အကန့်အသတ်များနှင့်ရှိနေသောကြောင့်  မိခင် သေဆုံးမှုနှုန်း  မြင့်မားသည်။ ။ စိတ်ပိုင်းဆိုင်ရာသောကများသည် အမျိုးသမီးများကြား ပိုမိုမြင့်လျက်ရှိပြီး အဓိက အကြောင်းအရင်းများမှာ ကိုယ်ဝန်ဆောင်ခြင်း၊ ကလေးမီးဖွားခြင်းတို့နှင့် ဆက်စပ်သည့်  အယူသီးမှုများ ကြောင့် ကလေးမီးဖွားပြီး စိတ်ကျခြင်း၊  ကလေးမီးဖွားစဉ်လုံလောက်သော ပံ့ပိုးမှုများမရရှိနိုင်ခြင်း ကလေးမွေးဖွားရမည်ကို ကြောက်ရွံ့ခြင်း၊ ကိုယ်ဝန်ဆောင်ချိန်တွင် အကြမ်းဖက်ခံရခြင်းတို့ကြောင့်ဖြစ်သည်။ ထို့ပြင် စစ်ရှောင်စခန်းများတွင် နေရသော အမျိုးသမီးများအနေနှင့် ရုန်းကန်နေရခြင်းအတူ ကျန်းမာရေး အန္တရာယ်များကို ပိုမိုကြုံတွေ့နေရသည်။ စစ်ရှောင်စခန်းများတွင်နေရသော အိမ်ထောင်စုများ၏ ၈၅% သည်  အခြေခံလိုအပ်ချက်များဖြစ်သည့် ကိုယ်ဝန်ဆောင်ကျန်းမာရေးနှင့်ကလေးဖွံ့ဖြိုးရေးအတွက်  လိုအပ်သော အစားအသောက် အရည်အသွေးနှင့် အခြားလိုအပ်ချက်များ ကိုပင် မရနိုင်ကြောင်းဖော်ပြကြသည်။  ကိုယ်ဝန်ဆောင်စဉ်၊ ကလေးမွေးဖွားစဉ်နှင့် မွေးဖွားပြီးကာလများတွင် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးအတွက် ကာလရှည်အကူအညီများလိုအပ်ပါသည်။ ထိုစိတ်ပိုင်းဆိုင်ရာ အခြေအနေများသည်  မိခင်နှင့်ကလေးငယ်များအတွက် သက်ရောက်မှုရှိစေသည်။ [67]

## ဂျဲန်ဒါအခြေပြုအကြမ်းဖက်ခြင်း

လျောင်ဒဏ်မခံစားရမီကတည်းကပင် ရှင်သန်လွတ်မြောက်သူများအတွက် ကဏ္ဍပေါင်းစုံပါဝင်သည့် ဂျဲန်ဒါ အခြေပြုအကြမ်းဖက်မှု ကို တုံ့ပြန်ဆောင်ရွက်သည့် ဝန်ဆောင်မှုများအ ပါအဝင် ဖြစ်ရပ်စီမံခန့်ခွဲခြင်းနှင့် ဘေးကင်းလုံခြုံအိမ် တို့အားလက်လှမ်းမီနိုင်ရန်ခက်ခဲခြင်းနှင့်မလုံလောက်ခြင်းတို့ ဖြစ်ပေါ်နေသည်။ ဘေးကင်း လုံခြုံရေးလုပ်ငန်းစဉ်များ၊ ဥပဒေနှင့်တရားမျှတရေးစနစ်များ ရပ်ဆိုင်းခြင်း သို့မဟုတ် အကန့်အသတ် နှင့်ရှိနေခြင်းသည် ရှင်သန်လွတ်မြောက်သူအနေနှင့် ဂျဲန်ဒါအခြေပြုအကြမ်းဖက်ခြင်း

---

[67] UNICEF, 2025, Myanmar

ဖြစ်ရပ် အားတိုင်ကြားရန် အတွက် အရင်းအမြစ်များအနည်းငယ်သာရှိပြီး ပြစ်မှုကျူးလွန်သူများ အနေဖြင့် ပြစ်ဒဏ်ပေးခံရခြင်းမှ ကင်းလွတ် ပြီး ဒဏ်ခတ် ခံရမှုမှ ကင်းလွတ်ခြင်းများဖြစ်ပေါ်စေသည်။

ဂျဲန်ဒါအခြေပြုအကြမ်းဖက်ခြင်းအားတုန့်ပြန်ဆောင်ရွက်သည့်ဝန်ဆောင်မှုများ ဖြစ်သည့် မုဒိမ်းမှုကို ဆေးပညာ ရှုထောင့်မှ ကိုင်တွယ်ဖြေရှင်းခြင်း၊ စိတ်ကျန်းမာရေးနှင့် စိတ်လူမှုရေးများ ပံ့ပိုးပေးခြင်းတို့ကို ပံ့ပိုးပေးသူ များအနေဖြင့် သိုသိုသိပ်သိပ် လုပ်သော နည်းလမ်းကို အသုံးပြု၍လုပ်ဆောင်နေရ သောကြောင့် ရှင်သန် လွတ် မြောက်သူ များအနေဖြင့် အချိန်နှင့်တပြေးညီ ဝန်ဆောင်မှုများ ရရှိနိုင်ရန် အတွက် အခက်အခဲများ များစွာရှိနေသည်။ [68] ဂျဲန်ဒါအခြေပြုအကြမ်းဖက်ခြင်းပုံသဏ္ဍာန်များသည် ဖြစ်ပွားနေသောပဋိပက္ခများ၊ စစ်ရှောင် စခန်းများ ၏အခြေအနေ၊ ဆင်းရဲမွဲတေမှု၊ အစားအစာမဖူလုံမှု၊ အလုပ်လက်မဲ့ နှုန်းများမြင့်တက်မှု၊ အလုပ်အကိုင်ဆုံးရှုံးမှုများနှင့် သောက်စားမှုယစ်ခြင်းစသည်တို့ အပေါ်မူတည်သည်။ ရင်းနှီး သူမှအကြမ်းဖက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း ( ပဋိပက္ခနှင့် ဆက်စပ်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းအပါအဝင်) လူကုန်ကူးခြင်း နှင့် အတင်းအကြပ်/ အရွယ်မတိုင်ခင် ထိမ်းမြားလက်ထပ်ပေးခြင်း တို့သည် ဂျဲန်ဒါအခြေပြု အကြမ်း ဖက်ခြင်းပုံစံများဖြစ်ကြ သည်။[69]

စီးပွားရေးကြပ်တည်းမှုများဖြေရှင်းနိုင်ရန်- ဝင်ငွေများ ကျဆင်းသွားသည့်အချိန်တွင် လိင်ရောင်းဝယ် ခြင်း ဆိုသည့် အနှုတ်လက္ခဏာဆောင်သည့် ဖြေရှင်းသည့်နည်းလမ်းများသည် ၂၀၂၅ ခုနှစ်အတွင်း မြင့် တက် လာခဲ့သည်။ [70] အန္တရာယ်ရှိသောအနှုတ်လက္ခဏာဆောင်သည့် ဖြေရှင်းသည့်နည်းလမ်းများသည် အကြမ်းဖက်ခံရခြင်း၊ စောစီးစွာ သို့မဟုတ် အတင်းအကျပ်လက်ထပ်ထိမ်းမြားခြင်း၊ ကလေးလုပ်သား အဖြစ် လုပ်ဆောင်စေခြင်း၊ လူကုန်ကူးခံရခြင်း များနှင့်လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်အမြတ်ထုတ်ခံရခြင်း စသည် တို့ကို မြင့်တက်လာ စေပါသည်။ [71] ထို့ကြောင့် လျှောင်လှူပ်ခတ်ပြီးသည့်အခါ လူနေမှုစံနှုန်းများ

---

[68] Humanitarian Action, December 2024, Myanmar Humanitarian Needs and Response Plan

[69] Ibid.

[70] Ibid.

[71] OHCHR, 2 July 2024, A/HRC/56/CRP.8: Courage amid Crisis: Gendered impacts of the coup and the pursuit of gender equality in Myanmar

နှင့် အခြေ အနေများသည် ပိုမိုဆိုးဝါးလာသဖြင့် ဂျန်ဒါအခြေပြု အကြမ်းဖက်ခြင်းလျော့ နည်း ပပျောက်ရေး အစီအစဉ်များ နှင့်ဝန်ဆောင်မှုများကို အရှိန်မြှင့်တင်ဆောင်ရွက်ရန် လိုသည်။

၂၀၂၁ ခုနှစ်မှစ၍လူ့အခွင့်အရေးချိုးဖောက်ခံရမှုများရှိခဲ့ကြောင်း အစီရင်ခံစာ များစွာ မှ ဖော်ပြကြပြီး ထို လူ့အခွင့်အရေးချိုးဖောက်မှုများတွင် မတရားဖမ်းဆီးခံရခြင်း၊ ညှင်းပန်းနှိပ်စက်ခံရခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရခြင်း ၊ အတင်းအကြပ်အကျဉ်းချထားခံရခြင်းနှင့် ပြည်သူပိုင် ပစ္စည်း/အဆောက်အအုံ များ ဖျက်စီး ခံရခြင်း စသည်တို့ဖြစ်ပြီး ဖယ်ကြဉ်ခံထားရသူများနှင့် ထိခိုက်လွယ်သူများအပေါ် မမျှတ စွာ သက်ရောက်သည်။

မြန်မာ့လူမှုအသိုင်းအဝိုင်းအတွင်းရှိသော လူမှုစံနှုန်းများသည် ခွဲခြားဆက်ဆံခြင်းနှင့် အကြမ်းဖက်မှုများ ကို အားပေးနေသောကြောင့် အမျိုးသမီးများ၊ ဖယ်ကြဉ်ခံရသူများနှင့်ထိခိုက်ခံစားလွယ်သူများအနေဖြင့် အသက်ကယ် ဆယ်ရေး လူသားချင်စာနာထောက်ထားမှု အရင်းအမြစ်များလက်လှမ်းမီနိုင်ရန်အတွက် အန္တရာယ်များရှိနေသေည်။ အိမ်တွင်းတာဝန်များနှင့်ပိတ်လှောင်ထားခြင်းခံရခြင်းကြောင့် အမျိုးသမီးများ၊ ဖယ်ကြဉ်ထား ခံ ရသူများ နှင့် ထိခိုက်လွယ်သူအုပ်စုများအနေဖြင့် ဝန်ဆောင်မှု များ၊ အဆောက်အအုံများနှင့် နှင့်အခွင့်အလမ်းများ ကို လက်လှမ်းမီရန်အတွက် အကန့်အသတ် များရှိသည်။ ထပ်ဆောင်းတင်ပြရလျှင် နားခိုရာနှင့်နေစရာ နေရာများ ရေ မိလ္လာနှင့်ရေဆိုးနုတ်စနစ် နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျန်းမာရေး ကဏ္ဍများတွင် ဖော်ပြသကဲ့သို့ဖယ်ကြဉ်ခံထားရသော အုပ်စုများ၊ ထိခိုက်လွယ်သောအုပ်စုများ တွင် ပါဝင်နေသူများသည် တစ်ကိုယ် သန့်ရှင်းရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုများကို လက်လှမ်းမီနိုင်မှုများ လျော့နည်း ကျဆင်းခြင်း၊သီးသန့်ရပ်တည်မှု များလျော့နည်းလာခြင်းတို့ကို ကြုံတွေ့ရပြီး ကျပ်ညှပ်ပြည့်သိပ်နေသော အခြေအနေများသည် ဂျန်ဒါ အခြေပြုအကြမ်းဖက်ခြင်း များခံရနိုင်သည့် အခြေအနေများပိုမိုမြင့်တက်လာသည်။

ထို့အပြင် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများနှင့် မသန်စွမ်းသူများရှိနေသော အိမ်ထောင်စု များသည် အိမ်ကိစ္စ စီမံခန့်ခွဲမှုများနှင့် စီးပွားရေးနှင့်ပတ်သက်သည့် တာဝန်များကို ထမ်းဆောင်ရ

သောကြောင့် [72] တာဝန် ၂ ဆ ထမ်းထားရသကဲ့သို့ဖြစ်နေပြီး ထိုအကြောင်းတရားများကပင် နည်းလမ်းမကျသော ဝင်ငွေအတွက်ဖြေရှင်း နည်းများ သုံးလာနိုင်သည့် အခြေအနေသို့ တွန်းပို့နေသည်။

ငလျင်လှုပ်ခတ်မှုမတိုင်မီ ၃ လခန့်တွင် လူသားချင်းစာနာထောက်ပံ့မှုလိုအပ်ချက်များနှင့် မြေယာ၊ အိမ်အဆောက် အအုံများဆိုင်ရာ အကူအညီပေးရေးအစီစဉ် (HNRP) မှ ရန်ပုံငွေလျှော့ချခြင်းသည် ၂၀၂၄-၂၀၂၅ ကာလအတွင်း စစ်ရှောင်စခန်းများ ပိတ်သိမ်းနိုင်ဖွယ်ရာရှိပြီး ထိုသို့ပိတ်သိမ်းရပါက နောက်ထပ်စစ်ရှောင်များဖြစ်လာနိုင်ပြီး ၎င်းတို့၏ အခြေခံဝန်ဆောင်မှုများ၊ လူသားချင်းစာနာထောက်ထားသည့်အကူအညီများနှင့် အကာအကွယ် ပေးမှုများအပေါ် အနှုတ်လက္ခဏာများရှိလာနိုင်သည်ဟု သတိပေးထားသည်။ ငလျင်၏သက်ရောက်မှုများသည် ပိုမိုဆိုးရွားသည့် ဖျက်စီးမှုများ၊ ပျက်စီးစေမှုများ၊ လူမှုအဆောက်အအုံများနှင့်အကူအညီစနစ် များပျက်စီး ယိုယွင်းမှုများဖြစ်ပေါ်စေခြင်းကြောင့် စစ်ရှောင်စခန်းများ ထပ်မံဖြစ်ပေါ်လာစေပြီး အခြေခံ လူသားချင်း စာနာထောက်ထားမှု၊ ရပ်ရွာအခြေပြု အကူအညီပေးနေသူများအပေါ် တာဝန်များပိုမိုများလာနိုင်သည်။ ဤသေရေး ရှင်ရေးဖြစ်နေသော အခြေအနေ များသည် ပိုမိုလုံခြုံသောနေရာများတွင် ခိုလှုံရန်ရှာဖွေသူများဖြစ်သည့် ဖယ်ကြဉ်ခံထားရသောသူများနှင့် ထိခိုက်လွယ်သောသူများ အားဂျန်ဒါအခြေပြုအကြမ်းဖက်ခြင်း၊ လူကုန် ကူးခြင်းနှင့်တရားမဝင်ရွှေ့ပြောင်းနေထိုင်ခြင်း ၊ နှင့် သွားလာလှုပ်ရှားရာတွင်ဘေးကင်းလုံခြုံမှုမရှိခြင်းတို့ ကို ပိုမိုကြုံတွေ့လာစေနိုင်သည်။

## <u>အကြံပြုချက်များ</u>

Myanmar HNRP 2025 နှင့် အခြားသော အစီရင်ခံစာများတွင် အရေးပေါ်ကယ်ဆယ်ရေးနှင့် လူသားချင်း စာနာထောက်ပံ့မှု လုပ်ငန်းများတွင် ဂျန်ဒါမတူကွဲပြားမှု များကို သုံးသပ် စဉ်းစား၍ ခိုင်မာသော အကြံများပြုချက်များ ပြုလုပ်ထားခဲ့ပြီး ဖြစ်ပါသည်။ လူသားချင်းစာနာ ထောက် ပံ့မှုများ ပြုလုပ်နေသူများသည် ထိုအကြံပြုချက်များကို ထည့်သွင်းလုပ်ဆောင်ရန် လိုအပ်ပါသည်။

ဤဂျန်ဒါလေ့လာဆန်းစစ်ချက်အနေဖြင့် အောက်ပါအကြံပြုချက်များကို ဖော်ပြလိုသည်။ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားရာတွင် တိုင်းနှင့်ပြည်နယ်များ၊ တိုင်းရင်းသားလူမျိုးစုများနှင့် ဘာသာစကား

---

[72] UN Women & UNDP. (2022). Gender-Responsive Conflict Analysis: Myanmar. March 2022.

ကွဲပြားမှုများကို ဂရုပြုသင့်ပါသည်။ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် အကျိုးသက် ရောက်မှုများကို မီးမောင်းထိုး ပြီးဖြစ်သော ကြောင့် အဓိကအားဖြင့်လူမှုရေးနှင့်နိုင်ငံရေးဆိုင်ရာဝိသေသများစုဆုံပြီး ဖယ်ကြဉ်ခံထားရ သောသူများ အား ပိုမို အာရုံစိုက်သင့်သည်။ ထိုသူများနှင့် ချိတ်ဆက်လုပ်ဆောင်ရ သည်မှာ အချိန်ပေးရသော်လည်း စိတ်ရှည်ပြီးဇွဲရှိရှိနှင့် အာရုံစိုက်လုပ်ဆောင်သင့်ပါသည်။ ထို့ကြောင့် ဂျဲန်ဒါလေ့လာဆန်းစစ်ချက်အနေဖြင့် အောက်ပါနယ်ပယ်များ အပေါ်မီးမောင်း ထိုး အကြံပြုလိုပါသည်။

ဤနေရာတွင် အရေးပေါ်ဆန်းစစ်လေ့လာမှုသည် အောက်ပါ အချက်များကို မီးမောင်းထိုး အကြံပြုလို ပါသည်။

## အမျိုးသမီးများပါဝင်မှုနှင့် ဦးဆောင်မှု

- လူသားချင်းစာနာထောက်ပံ့ပေးသူများသည် ရပ်ရွာပြည်သူလူထု၏ လိုအပ်ချက်နှင့် အမျိုးသမီး တို့၏ သီးခြားလိုအပ်ချက်များအပေါ် ဆုံးဖြတ်ချက်ချမှတ်ရာတွင် အားလုံးပါဝင်မှုနှင့် မျှမျှတ တ ဖြစ်စေရန် အတွက် အမျိုးသမီးများ၊ အမျိုးသမီးအဖွဲ့များနှင့် အမျိုးသမီးအခွင့်အရေး အဖွဲ့ အစည်းများ နှင့် တိုင်ပင်ဆွေးနွေးသင့်ပါသည်။
- အလှူရှင်များအဖွဲ့အစည်းများအနေဖြင့် ရန်ပုံငွေများအား အမျိုးသမီးအခွင့်အရေး လုပ်ဆောင် နေသော အရပ်ဖက်လူအဖွဲ့အစည်းများကို ပံ့ပိုး ပေးခြင်းနှင့် ဖမေးနစ်(စ်) ရန်ပုံငွေများသည် အကြပ် အတည်း/ အရေးပေါ်အခြေအနေများကို တုံ့ပြန်ဆောင်ရွက်နိုင်ရန် တိုက်ရိုက် ထောက်ပံ့ ပေးခြင်း အားဖြင့် အမျိုးသမီးများအတွက် လူသားချင်းစာနာထောက်ထားမှု ညှိနှိုင်းရေး စနစ် တွင် ပါဝင်နိုင်ရန် အခွင့် အရေးများ၊ အရင်းအမြစ်များနှင့်မူဝါဒများအပေါ် လွှမ်းမိုးနိုင်ရန် အခြေအနေတို့ကို ဖန်တီးပေး နိုင်မည်ဖြစ်သည်။ ဤသို့လုပ်ဆောင်ရာတွင် နိုင်ငံအတွင်းရှိရပ်ရွာ အမျိုးမျိုးမှ အဖွဲ့အစည်းများနှင့် နိုင်ငံ ပြင်ပ သို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိသွား သည့် အဖွဲ့အစည်းများလည်းပါဝင်သင့်သည်။

- ရပ်ရွာအခြေပြုအမျိုးသမီးအဖွဲ့အစည်းများနှင့် မြန်မာ့ပြည်သူများအရေးကို ရှေ့ရှု၍ဖယ်ကြဉ်ခံထားရ သော ပြည်သူများအခွင့်အရေး တွက်လှုပ်ရှားနေသောအဖွဲ့များ ကို ဦးစားပေး၍ ရန်ပုံငွေ အကူအညီ များ ပေးအပ်သင့်ပါသည်။ [73]

လူသားချင်းစာနာထောက်ထားမှုအကူအညီများသည် အကြပ်အတည်း/အရေးပေါ်အခြေအနေများနှင့် ထိုကာလ အလွန်များတွင် အမျိုးသမီးငယ်များ ၏ခေါင်းဆောင်မှုများကို ပံ့ပိုးပေးမည့် အမျိုးသမီးများ စုပေါင်းဖွဲ့စည်း ထားသည့်အဖွဲ့များထံသို့ အကူအညီများပေးရန်နှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း ပြုလုပ်ရန် လိုသည်

## ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှု

- အမျိုးသမီးအဖွဲ့အစည်းများထံမှ ရနိုင်သမျှသော အကူအညီများကိုရယူလျှက် စိတ်ကျန်းမာရေးနှင့်စိတ်လူမှုအထောက်အပံ့ အပါအဝင် ဂျဲန်ဒါအခြေပြုအကြမ်းဖက်ခြင်းကို တုံ့ပြန်ဆောင်ရွက်နိုင်ရန် အထိုင်နှင့် ရွေ့ရှား ဝန်ဆောင်မှုများကို တည်ဆောက် ပါ။
- ထိုဝန်ဆောင်မှုများဆက်လက်လည်ပတ်နိုင်ရန်ဆောင်ရွက်ထားခြင်း သို့မဟုတ် ပြန်လည်နေရာချထား ခြင်း သို့မဟုတ် တည်ဆောက်ခြင်း များပြုလုပ်ပြီး ငလျင်ဒဏ်ကို တုံ့ပြန်ဆောင်ရွက်ရမည်ဖြစ်သည်။ ညွှန်းပို့လွှဲပြောင်းနိုင်သည့် လမ်းကြောင်းများအား အချိန်နှင့်တပြေးညီ မှန်ကန်စွာ ပြုပြင် ပြင်ဆင်ပြီး ဝန်ဆောင်မှုများ၏သတင်းအချက်အလက်များသည် မိမိအကောင် အထည်ဖော်နေသည့် နေရာ များတွင်မျှဝေရမည်ဖြစ်သည်။
- ဂျဲန်ဒါအခြေပြုအကြမ်းဖက်ခြင်းကို တုံ့ပြန်ဆောင်ရွက်သည့်ဝန်ဆောင်မှုများ နှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အလွဲ သုံးစားလုပ်မှုတို့ အားကာကွယ်တားဆီးရေးနှင့်ပတ်သက်သည့် အဓိကကျသော သတင်းစကားများ ကို စစ်ရှောင်စခန်းများနှင့် အထောက်အပံ့အကူအညီများဖြန့်ဖြူးပေး သည့်နေရာ များတွင် အများသိရှိစေရန်ဆောင်ရွက်ရမည်ထိလွယ်ရှလွယ်မှုကို ထည့်သွင်းစဉ်း

---

[73] 76 265 CSOs, 30 March 2025, Press Statement: Civil society calls for disaster relief for earthquake survivors and affected communities in Myanmar

စားလျှက် စိတ်လူမှု အထောက်အပံ့များ ပံ့ပိုးပေးနိုင်သည့်နေရာများသည် အမျိုးသမီးများဘေး ကင်းလုံခြုံပြီး လက်လှမ်းမီနိုင်မည့် ဒီဇိုင်းများဖြစ်ရန်လိုသည်

## နားခိုရာနှင့်နေစရာနေရာများ

အရေးပေါ်နှင့်ယာယီနားခိုရာနေရာများသည် အနိမ့်ဆုံးလိုက်နာရမည့် စံနှုန်းများနှင့်အညီ ဆောက်လုပ်ရမည်ဖြစ်ပြီး မတူညီ သော ဂျဲန်ဒါ၊ အသက်၊ စွမ်းဆောင်နိုင်မှု၊ ယဉ်ကျေးမှုနှင့်ဘာသာရေး စသည့်အုပ်စု အားလုံးအတွက် သီးသန့်နေနိုင်သော၊ ဂုဏ်သိက္ခာရှိရှိနေနိုင်သော၊ လက်လှမ်းမီနိုင်သော၊ဘေးကင်းလုံခြုံ သော နေရာများဖြစ်ရန်လိုသည်။ နားခိုရာနေရာ၊ နားခိုရာ အဆောက်အအုံတည်ဆောက်ရေးတို့တွင် သွားလာလှုပ်ရှားမှု အကန့်အသတ်နှင့်ရှိနေသူများ သို့မဟုတ် အရင်းအမြစ်များ ဖယ်ကြဉ်ခြင်းမပြုမိစေ ရန်အတွက် အပြုသဘော ဆောင်သည့်ဆောင်ရွက်ချက်များကို ဆောင်ရွက်ရန်လိုသည်။ အဓိက လိုအပ် သော နားခိုရာအဆောက်အအုံအတွင်း ရေ၊ မိလ္လာနှင့်ရေးဆိုးနှုတ်စံနစ်နှင်တကိုယ်ရေသန့်ရှင်းရေး ၊ ကျန်းမာရေး၊ အစားအသောက်ဖြန့်ဝေသည့်နေရာများ နှင့်အခြားသော အရေးကြီးသည့် ဝန်ဆောင်မှုများ အား ဘေးကင်းလုံခြုံစွာ လက်လှမ်းမီရရှိနိုင်ရန်အတွက် သေချာစေရမည်။ နားခိုရာနှင့်နေစရာ အဆောက်အအုံနှင့် နေရာ ရွေးချယ်ရန် လိုအပ်ချက် ဆန်းစစ်လွှာ၊ လုပ်ငန်း စဉ်ဒီဇိုင်း၊ ဦးစားပေး လုပ်ဆောင်ရန်တို့အတွက် မတူကွဲပြားသော အမျိုးသမီးများနှင့် ကိုယ်စားပြုမှု မရနေသာအဖွဲ့ များနှင့် ချိတ်ဆက်ပြီး ၎င်းတို့အားနားခိုရာနှင့်နေစရာနေရာစီမံခန့်ခွဲမှုတွင် ကိုယ်စားပြုမှု၊ ခေါင်းဆောင်မှု နှင့် ဆုံးဖြတ်ချက်ချခြင်းတို့တွင်ပါဝင်စေခြင်းဖြင့် မြှင့်တင်ပါ။ ကနဦး တုံ့ပြန်ဆောင်ရွက်သူ များအနေဖြင့် အမျိုးသမီး အခွင့်အရေး အတွက်လုပ် ဆောင်နေသော အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အတူတစ်ကွ ရပ်ရွာပါဝင်မှု အားကောင်း လာစေရန် ဆောင်ရွက်ရန်။

## ရေ၊ မိလ္လာ၊ရေဆိုးနှုတ်စနစ်နှင့်တစ်ကိုယ်ရေသန့်ရှင်းရေး

- ရေ၊မိလ္လာ၊ရေဆိုးနှုတ်စနစ်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ကို ကိုင်တွယ်ဖြေရှင်းရန်။

- ထိခိုက်ခံစားခဲ့ရသော သူများအား အရေးပေါ်နှင့်အလယ်အလတ်- ရေ၊မိလ္လာ၊ရေဆိုးနှုတ်စနစ်နှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး လိုအပ်ချက်များကို ဖြည့်ဆီးရာတွင် ဂျဲန်ဒါ၊ အသက်၊ စွမ်းဆောင်နိုင်မှု၊ နှင့်လူနည်းစုတို့၏ လိုအပ်ချက်များအပေါ်မူတည်၍ သီးသန့်ဖြစ်စေရန်၊ တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ရှိစေရန်နှင့် သက်ဆိုင်ရာယဉ်ကျေးမှု နှင့်လိုက်လျောညီထွေဖြစ်စေရန် တို့ကို ထည့်သွင်း စဉ်းစားရန်လိုသည် ။အိမ်သာ၊ ရေချိုးခန်းများသည် အမျိုးသမီး၊ အမျိုးသားများအတွက် သီးသန့်ဖြစ်ရန်၊ ဘေးကင်းလုံခြုံသောနေရာဖြစ်ရန်၊ လုံလောက်သော အလင်း ရောင်ရရှိရန်၊ တံခါးများကို အတွင်းမှ ပိတ်နိုင်ရန်အပါအဝင် ရေ၊ မိလ္လာရေဆိုးနှုတ်စနစ်နှင့် တစ်ကိုယ်ရေသန့်ရှင်း မှုများအား ဘေးကင်း လုံခြုံစွာနှင့် လက်လှမ်းမီရန်အတွက်သေချာစေရမည်။ ဓမ္မတာရာသီလာခြင်းနှင့်ဆက်စပ်သော တစ်ကိုယ် ရေ သန့်ရှင်းရေး ဆိုင်ရာစီမံမှု နှင့်ပတ်သက်သည့် လိုအပ်ချက် များကို ဖြည့်ဆီးပေးရန်အတွက် တစ်ကိုယ် ရေ သန့်ရှင်းရေးအသိပညာများမြှင်တင်ပေးခြင်း၊ လိုအပ်ချက်များအား ဆန်းစစ် ခြင်း၊ လုပ်ငန်းဒီဇိုင်းများ ရေးဆွဲခြင်း ၊ဦးစားပေးအစီအစဉ်များနှင့် ရေ မိလ္လာ ရေဆိုးနှုတ်စနစ် တစ်ကိုယ်ရေကျန်းမာရေးဆိုင်ရာ အဆောက်အအုံများလည်ပတ်မှု စသည်တို့တွင် အမျိုးသမီးများနှင့် ကိုယ်စားပြုမှု မရှိသော အမျိုးသမီး အဖွဲ့များပါဝင်စေခြင်းဖြင့် အားလုံးပါဝင် စေနိုင်သောနည်းလမ်းအနေဖြင့် အသုံးပြုနိုင်သည်။

## ကျန်းမာရေး

- လိင်လုပ်သားအမျိုးသမီးများ၊ လယ်သမားများ၊ စက်ရုံအလုပ်သမားများ၊ နိုင်ငံမဲ့ရိုဟင်ဂျာများ၊ အသက်ကြီး သောသူများ၊ မတူကွဲပြားစွာလိင်စိတ်တိမ်းညွတ်သူများ၊ ခြားနားသန်စွမ်းသူများ၊ အမျိုးသမီး အိမ်ထောင် ဦးစီး များ၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ တို့၏ လိုအပ်ချက်များ နှင့်ရှိရင်းစွဲ ထိခိုက်လွယ်မှုများ ကို ထည့်တွက်ပြီး ရပ်ရွာအခြေပြု ကျန်းမာရေး အဆောက်အအုံများနှင့် လိုအပ်သော ကျန်းမာရေးဆိုင်ရာ ပစ္စည်းကရိယာများ အား ပိုမိုပြည့်စုံ အားကောင်းလာစေရန်အတွက် တိုက်ရိုက်သို့မဟုတ် ပြောင်းလွယ် ပြင်လွယ် ရှိသောရန်ပုံငွေများကို ကြိုတင်လျာထား ရန်လို သည်။ အလုံးစုံပြည့်ဝသော ကျန်းမာရေး စောင့်ရှောက် မှုအစီအစဉ်ဖြစ်စေရန်အတွက် စိတ်ကျန်းမာရေး ပံ့ပိုးမှုကိုပါ ထည့်သွင်းလုပ် ဆောင်ရန် လိုသည်။
- ဈေးကွက်လည်ပတ်မှုများနှင့် ရပ်ရွာလူထု၏ လိုလားမှုအပေါ်အခြေခံ၍ ပြန်လည်ထူထောင်ရေး အတွက် ( စားနပ်ရိက္ခာဖူလုံမှုမြင့်မားရေး၊ ကျန်းမာရေးဝန်ဆောင်မှုများအားလက်လှမ်းမီနိုင်ရန်

အပါအဝင်)  အကူအညီများ ပေးရာတွင် ပစ္စည်းများဝေခြမ်းခြင်းအပါအဝင် ငွေသားပံ့ပိုးမှု ပေါင်းစပ်သည့် နည်းလမ်း များကို အသုံးပြု လုပ်ဆောင်သင့်သည်။

## လိင်နှင့်မျိုးဆက်ပွားကျန်းမာရေး အခွင့်အရေး

- မွေးကင်းစကလေးငယ်များ ပြုစုစောင့်ရှောက်မှု အလေ့အထများနှင့် ဖွံ့ဖြိုးတိုးတက်မှု မှတ်တိုင်များကို စောင့်ကြည့်ခြင်း၊နို့ရည်လိုက်ခြင်းနှင့်ဆက်စပ်သည့် နှစ်သိမ့်ဆွေးနွေးပေးခြင်း၊ မီးဖွားရာတွင်အကူအညီ ပေးသူ များ၏ကျွမ်းကျင်မှုအားကောင်းလာစေရန်ဆောင်ရွက်ပေးခြင်းအစရှိသည့် လိင်နှင့်မျိုးဆက်ပွား ကျန်းမာရေး ဝန်ဆောင်မှုများကို ထောက်ပံ့ပေးနိုင်ရန်အတွက် ရပ်ရွာဒေသတွင်ရှိသော သူများ၏ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးရေးကို ပို၍ အလေးထားရန်လိုသည်။ သို့မှသာလျင် ဒေသအတွင်း ယဉ်ကျေးမှုများနှင့်သွေဖယ်မှုမရှိဘဲ ကဏ္ဍပေါင်းစုံပါဝင်သော နည်းလမ်းကို အသုံးချနိုင်မည်ဖြစ်သည်။
- စစ်ဘေးရှောင်များ၊ မတူကွဲပြားစွာလိင်စိတ်တိမ်းညွတ်မှုရှိသူများနှင့်လိင်ဝိသေသခံယူမှုရှိသူများ၊ ဆယ်ကျော်သက်များ၊  တိုင်းရင်းသား လူနည်း စုအဖွဲ့ဝင်များ၊ အမျိုးသမီးအိမ်ထောင်ဦးစီး နှင့် ခြားနား သန်စွမ်းသူများ နှင့်ပတ်သက်သည့် (အထူးသဖြင့် ဝေးလံခေါင်ဖျားဒေသများတွင် ) အရှက်ရစေခြင်း နှင့်ခွဲခြား ဆက်ဆံ ခြင်းများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် တိကျမှန်ကန်သော သတင်းအချက် အလက်များပံ့ပိုးပေးခြင်း။
- မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများဖြစ်သည့် မိသားစုစီမံကိန်း၊  ကိုယ်ဝန်ဆောင်မိခင်စောင့်ရှောက်မှုနှင့် ကလေး မီးဖွားပြီး မိခင်စောင့်ရှောက်မှု၊ စိတ်ပိုင်းဆိုင်ရာကျန်းမာရေး၊ စိတ်လူမှုပိုင်းဆိုင်ရာ အကူအညီများ နှင့်ဆိုင်သော ဝန်ဆောင်မှုများ ( ကိုယ်ဝန်ဆောင်မိခင်အား ကိုယ်ဝန်ဆောင်စဉ်ရရှိသော သောကများနှင့် ဆက်စပ်သော အန္တရာယ်များရှိမရှိစစ်ဆေးခြင်း အပါအဝင်) နှင့် ဂျဲန်ဒါအခြေပြုအကြမ်းဖက်ခြင်းကို ကြုံတွေ့ရသော  သူများ အတွက် ဖြစ်ရပ်စီမံခန့်ခွဲခြင်း အစရှိသည်တို့  ရရှိနိုင်မှုအား တိုးမြှင့်ဆောင်ရွက်ရန်

## အရေးပေါ်ဂျဲန်ဒါဆန်းစစ်လေ့လာချက်

- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာသတင်းအချက်အလက်များစီမံခန့်ခွဲခြင်းနှင့် အစီရင်ခံစာများပြုစု ရေးသား ရာတွင် ဂျဲန်ဒါကို အလေးပေးလုပ်ဆောင်နေသောသူများနှင့်မိတ်ဖက်

လုပ်ဆောင်ခြင်းဖြင့် လိင်၊ ဂျဲန်ဒါ၊ အသက် နှင့်စွမ်းဆောင် နိုင်ရည် တို့နှင့် ပတ်သက်သောသတင်း အချက်အလက်များ ပါဝင်နိုင် သည့်အပြင်ဖြစ်ပွားလျှက်ရှိသော အကြပ်အတည်း၏သက် ရောက် မှုများ၊ သေဆုံးမှု အပါအဝင် မတူကွဲပြားသော သက်ရောက်မှုများကို သုံးသပ် နိုင်မည်ဖြစ်သည်။

- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းစဉ်များအား အသိအမှတ်ပြုမှု အားနည်းနေသဖြင့် အရည် အသွေးပြအချက် အလက်များအား အချိန်နှင့်တစ်ပြေးညီ လျှင်မြန်စွာ ကောက်ယူပြီး တုံ့ပြန်ဆောင်ရွက် နိုင်ရန် အတွက် ဒေသတွင်းရှိ သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြည်သူများ အပေါ် တာဝန်ခံ ၊တာဝန် ယူစေ နိုင်မည်ဖြစ်သည်။

- အရေးပေါ်ဂျဲန်ဒါဆန်းစစ်လေ့လာချက်အား မြေပြင်ရှိသတင်းအချက်အလက်များ ရရှိရန် အတွက် ထပ်မံ လုပ်ဆောင်ရန်လိုသည်။ ထိုသို့ပြုလုပ်ရန်အတွက်ရန်ပုံငွေများရှိရန်လိုပြီး အမျိုးသမီးအခွင့်အရေးကို လုပ်ဆောင် နေ သည့် အရပ်ဖက်အဖွဲ့ အစည်း များမှ လောလောလတ်လတ် ပြုလုပ်ထားသော ဆန်းစစ်ချက်မှ တွေ့ရှိချက်များ ကို ထည့်သွင်းသင့်သည်။

Annexes (I am not able to translate Annex 1 because I do not have this illustration in word file)

## Gender in Emergencies Group

5-7 Montgomery Street Lane
Edinburgh
Scotland

Tel: +44 7763748 662

info@giegroup.org
www.giegroup.org

အဖွဲ့အစည်းအကြောင်း

Gender in Emergencies Group သည် ဂျဲန်ဒါ တန်းတူညီမျှရေး  ဆိုင်ရာ လုပ်ငန်းများကို လူသားချင်းစာနာထောက်ပံ့မှုများတွင် လုပ်ဆောင်သော လူမှုစီးပွားအဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် တန်းတူညီမျှရေး ဆသင်တန်းများပေးခြင်းနှင့် တခြားသော ပညာရပ်ဆိုင်ရာ လုပ်ငန်းများကို လူတိုင်း လက်လှမ်းမီနိုင်သော သင့်တော်သော နှုန်းထား များဖြင့် လုပ်ဆောင်နေပါသည်။ ရရှိလာသော ငွေကြေးများကို အရေးပေါ်အခြေအနေများတွင် ဂျဲန်ဒါတန်းတူညီမျှရေး  လုပ်ငန်းစဉ်များ ပြန်လည်ရင်းနှီးမြှုပ်နှံပါသည်။
ကျွန်ုပ်တို့အတူတူ လုပ်ဆောင်ခြင်းဖြင့် ဂျဲန်ဒါ တန်းတူညီမျှမှုကို အမှန်တစ်ကယ်ရရှိနိုင်မည် ဖြစ်သည်။